မိတ်ဖွဲ့ကူးချိုချိုအနုပညာ

# ကလေးတို့ရေ
# ပုံပြင်မိုးရေ
# ပျော်ပျော်ချိုးရအောင်

ခင်မောင်တိုး (မိုးမိတ်)



mgyoe.com

mgyoe.com



# ကလေးတို့ရေ . .
# ပုံပြင်မိုးရေ
# ပျော်ပျော်ချိုးရအောင်

ခင်မောင်တိုး (မိုးမိတ်)

KMT0017
2,000.00 KS

mgyoe.com

mgyoe.com

ကလေးတို့ရေ • • ပုံပြင်မိုးရေပျော်ပျော်ချိုးရအောင်၊ ခင်မောင်တိုး(မိုးမိတ်)
စာမျက်နှာ ၁၇၄ မျက်နှာ၊ ၁၆ စင်တီ x ၁၈ • ၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကလေးတို့ရေ ..
# ပုံပြင်မိုးရေ
# ပျော်ပျော်ချိုးရအောင်

## ခင်မောင်တိုး(မိုးမိတ်)

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

[illegible]

[illegible]

[illegible]

[illegible]

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ခြသေ့်နဲ့ ကြွက်ငယ်လေး | ၁ |
| ၂။ | ရစ်ချုတ်ဘုရင်နဲ့ စောင်းသမား | ၆ |
| ၃။ | လယ်သမား ၁၀ ယောက် | ၁၀ |
| ၄။ | သဘောကောင်းတဲ့ ဓားပြ | ၁၃ |
| ၅။ | ဒိုင်ယာနာ ဇာတ်လမ်း | ၁၆ |
| ၆။ | ရွှေလမှာ ယုန်ဝပ်လို့ | ၂၃ |
| ၇။ | ၄ကိတောင် သုံးတောင် | ၃၂ |
| ၈။ | တိရစ္ဆာန်လေးတွေ ရေတွင်းတူးကြပြီ | ၃၉ |
| ၉။ | ညီအစ်ကို ဆယ့်နှစ်ယောက် | ၄၆ |
| ၁၀။ | အစစ်အမှန်ဘုရားဖူးခြင်း | ၅၉ |
| ၁၁။ | ရွှေငန်း | ၇၁ |
| ၁၂။ | လူညွက်ကလေး ဟုပ် | ၈၀ |
| ၁၃။ | နတ်သူငယ်လေးများနဲ့ ဖိနပ်ချုပ်သမား | ၉၂ |
| ၁၄။ | ကဗျာသမားလေးနဲ့ အလှစိုက်ပန်းဖြူပင် | ၉၇ |
| ၁၅။ | ခိုအိုင်းနဲ့ပျောက်သွားတဲ့ သူမဖိနပ် | ၁၀၅ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | ထိပ်ပြောင်နေတဲ့ မင်းသမီးလေး | ၁၁၃ |
| ၁၇။ | ဝေလနိုင်ငံ ပုံပြင်တစ်ပုဒ် | ၁၂၂ |
| ၁၈။ | မစ္စတဲတိုးရဲ့ ဇာတ်လမ်း | ၁၂၆ |
| ၁၉။ | အိုင်ယာလန် ပုံပြင်တစ်ပုဒ် | ၁၃၂ |
| ၂၀။ | ပန်ဒိုရာရဲ့ သေတ္တာ | ၁၃၆ |
| ၂၁။ | အိုင်အိုနာကျွန်း | ၁၄၂ |
| ၂၂။ | ပြင်သစ်ဇာတ်လမ်း | ၁၄၅ |
| ၂၃။ | ငှန်းကျောင်းသူလေး | ၁၅၁ |
| ၂၄။ | ဂျပန်ပုံပြင်တစ်ပုဒ် | ၁၆၂ |
| ၂၅။ | ဘုရင်မကောင်းတစ်ပါးရဲ့ ဇာတ်လမ်းများ | ၁၆၅ |
| ၂၆။ | စပိန်ပုံပြင်တစ်ပုဒ် | ၁၆၉ |


■

mgyoe.com

mgyoe.com

# ဘာသာပြန်သူရဲ့အမှာ

ယခု စာအုပ်ပါ ပုံပြင်အများစုကို The Tales The Letters Tell ရုပ်စုံ ပုံပြင်စာအုပ်ထဲမှ ထုတ်နုတ်ပြန်ဆိုထားပါတယ်။ ဒီမူရင်းပုံပြင် စာအုပ်ငယ်လေးဟာ ကလေးများအတွက် ရည်စူးထုတ်ထားတဲ့ပုံပြင်စာအုပ်ပါ။ အတွဲတော်တော်များများ ထုတ်ဝေခဲ့ပုံရပါတယ်။ ကျွန်တော့်ဆီမှာတော့ ယခု ဘာသာပြန်လိုက်တဲ့ အတွဲ (၁) ပဲ ရှိပါတယ်။

ပုံပြင်တိုင်းနဲ့ တွဲဖက်ပေးထားတဲ့ ရုပ်ပုံလေးတွေကလည်း ကလေးကြိုက်တွေပါပဲ။ ဇာတ်ကောင်လေးတွေရဲ့ပုံကလည်း ကလေးပုံလေးတွေပါပဲ။ ကလေးသဘာဝ၊ ကလေးအကြိုက်နဲ့ ကိုက်ညီအောင် သရုပ်ဖော်ထားတဲ့ပုံကလေးတွေပါပဲ။ ဒါကြောင့် မူရင်းစာအုပ်ပြုစုသူရဲ့ ရည်ရွယ်ချက်မပျက်ရလေအောင် ပုံပြင်တိုင်းအတွက် သရုပ်ဖော်ထားတဲ့ သရုပ်ဖော်ပုံအားလုံးကို မူလစီစဉ်ထားတဲ့အတိုင်း ယှဉ်တွဲဖော်ပြလိုက်ပါတယ်။

mgyoe.com

mgyoe.com



ဒါပေမဲ့ ဒီပုံပြင်စာအုပ်ကလေးထဲမှာက ပုံပြင်ပေါင်း ၂၀ ကျော်လောက်သာပါတာမို့ ပုံပြင် ၃၀ ပြည့်အောင် ဒီပုံပြင်စာအုပ်ပါ ပုံပြင်များနဲ့ သဘောသဘာဝချင်းတူညီတဲ့ ပုံပြင် ၄–၅–၆ ပုဒ်ကို တခြားသောပုံပြင်စာအုပ်တွေထဲကပဲ ရွေးထုတ်ဘာသာပြန်ပြီး ဖြည့်စွက်လိုက်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကလေးတွေ တကယ်နှစ်နှစ်ခြိုက်ခြိုက် ဖတ်ချင်ကြမယ်လို့ ထင်ရတဲ့ 'ကလေးပုံပြင်စစ်စစ်' ကလေးတွေကို ဘာသာပြန်တင်ပြခွင့်ရတဲ့အတွက် ကျွန်တော်အထူးပဲ ဝမ်းသာပီတိဖြစ်မိပါတယ်။

အားလုံးကို ထာဝရ ကျေးဇူးတင်လျက် . . .

လေးစားကြည်နူးမှုဖြင့်


**ခင်မောင်တိုး (မိုးမိတ်)**


၁–၄–၂၀၁၇

■

mgyoe.com

mgyoe.com





## ခြင်္သေ့နဲ့ ကြွက်ငယ်လေး



ဆာလောင်နေတဲ့ ခြင်္သေ့ကြီးတစ်ကောင် တောနက်ကြီးထဲမှာ အိပ်ပျော်နေတယ်။ ခြင်္သေ့ကြီးအိပ်ပျော်နေတာကို ကြွက်ငယ်လေးတွေက မြင်သွားတော့ ခြင်္သေ့ကြီးကျောပေါ်တက်၊ တူတူပုန်းတမ်းကစားကြရင် သိပ်ပျော်စရာကောင်းမှာပဲလို့ တွေးမိလိုက်ကြတယ်လေ။ တွေးမိတာနဲ့ ချက်ချင်းကစားကြတော့တာပဲကွဲ့။ ကြွက်ငယ်လေးတချို့က ခြင်္သေ့ကြီးရဲ့ ထူထပ်တဲ့လည်ဆံမွေးတွေကြားထဲ ဝင်ပုန်းကြတယ်။ ကြွက်ငယ်လေးတစ်ကောင်ကတော့ ခြင်္သေ့ကြီးရဲ့ အမြီးအောက် ဝင်ပုန်းတယ်။ အမယ် ... ကြွက်မကလေးတစ်ကောင်ကဆိုရင် ခြင်္သေ့ကြီးရဲ့ လက်ဖဝါးကြီးအောက်တောင် ဝင်ပုန်းလိုက်သေးရဲ့။ ဒီလို တူတူပုန်းတမ်းကစားရတော့ အကောင်းဆုံးကစားနည်းပဲလို့ ထင်မှတ်လိုက်ကြတယ်။

mgyoe.com

mgyoe.com


ဒီလို ထင်လိုက်ချိန်မှာပဲ မမျှော်လင့်ပဲ ခြသေ့်ကြီးအိပ်ရာက နိုးလာပါရော။ နိုးလာတော့ သူ့ကိုယ်ကြီးကို ဆန့်၊ ကြွက်ကလေးတွေကို တအံ့တသြမြင်လိုက်ရ၊ ကြွက်ကလေးတွေလန့်ဖျပ်ပြီး ဦးတည်ရာ ထွက်ပြေးကြပေါ့။ ပြေးလိုက်ကြတာ .... ပြေးလိုက်ကြတာ၊ ဒါပေမဲ့ ... ကြွက်မကလေးတစ်ကောင်ကတော့ ခြသေ့်ကြီးရဲ့ လက်ဖဝါးအောက်မှာ ပုန်းတာလေ။ ဒီတော့ ဘယ်ပြေးလို့ လွတ်ပါတော့မှာလဲ။ လက်ဝါးကြီးနဲ့ အုပ်ထားလိုက်ပြီမဟုတ်လား။

အတော်ပဲ၊ ခြသေ့်ကြီးကလည်း အိပ်ရာက နိုးလာတော့ ဗိုက်ဆာနေတာ တစ်ချိန်တည်းမှာ သူ့လက်ဝါးအောက် ရောက်လာတဲ့ ကြွက်မကလေးကို ဒေါသထွက်နေတယ်။ ဒါနဲ့ ဒီကြွက်မငယ်လေးကို စားဖို့စိတ်ဆုံးဖြတ်လိုက်တာပေါ့။ သူ့အကျဉ်းသားဖြစ်နေပြီဖြစ်လို့ သူထင်သလို လုပ်နိုင်ပြီမဟုတ်လား။

ဒါပေမဲ့ ကြွက်မငယ်လေးက လက်ဖဝါးလေးကို မြှောက်၊ ခြသေ့်ကြီးမျက်နှာကို အသနားခံနေတဲ့ပုံမျိုးနဲ့ မော့ကြည့်ပြီး "အိုအရှင်၊ ကျွန်မကို မစားပါနဲ့၊ ကျွန်မကို စားလို့ ဘယ်လိုမှ အရှင့်ဗိုက်ပြည့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မကို လွှတ်ပေးပါ။ တစ်နေ့ကျွန်မ အတတ်နိုင်ဆုံး ကူညီပါ့မယ်။ တကယ်ပြောတာပါ" လို့ သနားစရာကောင်းလောက်အောင် တောင်းပန်ရှာတယ်။

လက်တစ်ဆုပ်စာတောင်မရှိတဲ့ ကြွက်မကလေးက "ကူညီပါ့မယ်" ပြောလာတော့ ခြသေ့်ကြီး ဟားတိုက်ရယ်တော့တာပေါ့။ ဒါပေမဲ့ သူက လက်ဝါးကြီးကို ကြွလိုက်ပြီး ကြွက်မကလေးကို လွှတ်လိုက်တယ်။ ကြွက်မလေး ချက်ချင်းပြေးထွက်

mgyoe.com

mgyoe.com


သွားတာပေါ့။

ဒီလိုဖြစ်ပြီး အတော်ကြာသွားတဲ့အထိ ဒီကြွက်မကလေးဟာ ကစားမြဲကစားနေတာပဲ။ တစ်နေ့ သူကစားနေတုန်း ဟိန်းသံကြီးကို ကြားလိုက်ရတယ်။ ဒီတော့ ကြွက်မလေးက "ဟဲ့ .. ငါ ဒီအသံကို သိတယ်။ ငါ့ မိတ်ဆွေကြီးအသံပဲ ဖြစ်ရမယ်။ မြန်မြန်သွားကြည့်မှ ကောင်းမယ်" လို့ စဉ်းစားမိလိုက်တယ်။

အဲ့ခြင်္သေ့ကြီးနား ရောက်လာတော့ ထင်တဲ့အတိုင်းပဲ။ သူ့ကို တစ်ခါက လွှတ်ပေးလိုက်တဲ့ ခြင်္သေ့ကြီးလေ။ ခု ... နာနာကျင်ကျင် ခံစားရင်း လဲနေလေရဲ့။ ကြွက်မငယ်လေးက သူ့နားသွားပြီး အသံသေးလေးနဲ့ မေးလိုက်တော့ သူ့အသံလေးဟာ ခြင်္သေ့ကြီး ဟိန်းသံအောက်မှာ ပျောက်သွားပါရော။ ဒါနဲ့ ကြွက်မလေးက နားရွက်နားအထိ တက်သွားပြီး "ဘယ်လိုဖြစ်တာလဲ" လို့ မေးကြည့်လိုက်တယ်။ ဒီတော့ ခြင်္သေ့ကြီးက "ဟ .. ငါ့ကို ကြိုးတွေနဲ့ တုတ်ထားတာ နင် မမြင်ဘူးလား" လို ခပ်ထန်ထန်ပြန်ပြောလိုက်တယ်လေ။

"အို ... သိပ်ဆိုးပါလား။ ကျွန်မ ကြိုးစားကူညီပေးပါ့မယ်ရှင်"

ဒီတော့ ခြင်္သေ့ကြီးက ဒေါသတကြီး ဟိန်းဟောက်ပြီး "အဓိပ္ပာယ်မရှိလိုက်တာဟာ..." လို့ ရေရွတ်လိုက်တယ်။

ခြင်္သေ့ကြီးပါးစပ်ပိတ်သွားမှ ကြွက်မလေးက ... "ဒီမှာ ခြင်္သေ့ကြီး ဟိန်းတာ ဟောက်တာတွေကိုသာ ရပ်လိုက်ပါ။ ကျွန်မ ရှင့်ကို လွတ်သွားအောင် လုပ်ပေးနိုင်ပါတယ်" လို့ ပြောပြလိုက်တယ်။

mgyoe.com

mgyoe.com


ဒါတောင် ခြင်္သေ့ကြီးက တစ်ချက်ဟိန်းလိုက်ပြီး "နင့်လို လက်တောက်လောက် ကြွက်မက ဘယ်လိုအလုပ်မျိုးကို လုပ်နိုင်မှာလဲဟ" လို့ ပြန်ပက်လိုက်သေးတယ်လေ။

ဒီတော့ ကြွက်မလေးက "ကြိုးတွေကိုမှ ကိုက်မဖြတ်နိုင်ရင် ဟောဒီ ကျွန်မရဲ့ ချွန်ထက်တဲ့သွားသေးသေးလေးတွေဟာ ဘာလုပ်ဖို့လဲ" လို့ ပြောပြောဆိုဆိုပဲ ကြွက်မလေးဟာ သွားလေးတွေနဲ့ ကြိုးတွေကို ကိုက်ဖြတ်တော့တာပဲ။

ကြိုးတွေ ပြတ်သွားတော့ ခြင်္သေ့ကြီးက ... "နေပါဦးဟ၊ ဘာကြောင့် နင်က ခုလောက် သနားကြင်နာစိတ်တွေ ယိုဖိတ်နေတာလဲ" လို့ မေးလိုက်တယ်လေ။ ဒီတော့ ကြွက်မလေး က – "ဩော် ... ရှင် ကျွန်မကို လွှတ်ပေးလိုက်တာ မမှတ်မိဘူး လား။ တစ်ချိန်မှာ ကျွန်မလည်း အလားတူ ကူညီမှုမျိုးကိုပေးပါ့ မယ်လို့ ကတိပေးခဲ့ဖူးတယ်လေ။ ကျွန်မ အခု ကတိပေးတဲ့အတိုင်း လုပ်လိုက်တာပါပဲ။ ဟုတ်တယ် မဟုတ်လား" လို့ ခြင်္သေ့ကြီး အမှတ်ရမိအောင် ပြန်ပြောပြလိုက်တာပေါ့။

The Lion and the Mouse

* * *

ဒီပုံပြင်ကို ရေးခဲ့သူဟာ လွန်ခဲ့တဲ့ အနှစ် ၅၀၀ လောက်က ပေါ်ထွန်းခဲ့သူပါ။ သူ့နာမည်က အီဆွပ် AESOP တဲ့။ သူရေးခဲ့တဲ့ ပုံပြင်များ စာအုပ်တစ်အုပ် ရှိခဲ့တယ်။ အဲဒီစာအုပ်ကို ခုထိ လူတိုင်းဖတ်နေကြတုန်းပဲ။ တကယ်တော့ သူဟာ တစ်ချိန်

mgyoe.com

mgyoe.com


က ကျွန်တစ်ယောက်ဖြစ်ခဲ့ဖူးတယ်။ ဒါပေမဲ့ … သူ့ပုံပြင်တွေကို ကြိုက်နှစ်သက်လွန်းလို့ သူ့သခင်က လွှတ်ပေးလိုက်တယ်လေ။ သူ့ကို ဘုရင်ကြီးတစ်ပါးကတောင် သူ့နန်းတော်မှာ ခေါ်ထားပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ သူက ပုံပြင်တွေ ပြောပြနိုင်အောင်ပေါ့။ သူသေဆုံးသွားတော့ အေသင်သူ အေသင်သားတွေက အေသင်မှာလုပ်တဲ့ သူ့ရုပ်တုတစ်ခုကို စိုက်ထူလိုက်ကြတယ်။

❒

mgyoe.com

mgyoe.com

# ရစ်ချတ်ဘုရင်နဲ့ စောင်းသမား

စစ်ပွဲကြီးဖြစ်နေတဲ့ကာလမှာ ကလေးတွေကတောင် ဟိုး... အဝေးနိုင်ငံတွေ အကြောင်းသိနေကြတယ်။ နိုင်ငံတွေရဲ့ နာမည်တွေကိုပါ သိနေကြတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကလေးလေးတွေရဲ့ အဖေတွေ၊ ညီလေးတွေ၊ အစ်ကိုတွေက အဲဒီဝေးလံတဲ့နေရာမှာ တိုက်ပွဲဝင်နေကြတာကိုး။

အဲ ... စစ်ဖြစ်နေတဲ့ နေရာကတော့ ပါလက်စတိုင်းပဲလေ။ ထိုတပ်တွေရဲ့ စစ်သားတွေက ကောက်ကျစ်တဲ့ တူရကီတွေကိုမြင့်မြတ်မြေလို့ခေါ်တဲ့ ဂျော်ဒန်မြစ် အနောက်ဘက်ဒေသ Holy Landကပါ တိုက်ထုတ်နေကြတာကိုး။ အဲဒီမြင့်မြတ်မြေမှာ ခရစ်တော်နေထိုင်ခဲ့တယ်။ အဲဒီမှာပဲ ကွယ်လွန်သွားတယ်။

ဟိုး ... ရှေးရှေးတုန်းကလည်း ဘာသာရေးစစ်ပွဲတွေ The Crusades ရှိခဲ့တာပါပဲ။ မြင့်မြတ်မြေအတွက် ဘုရင်တွေ၊ မင်းညီမင်းသားတွေ၊ ရဲရင့်တဲ့လူတွေ၊ အို ... ကလေးတွေတောင် စစ်တိုက်

mgyoe.com

mgyoe.com


ထွက်ကြတယ်။

အဲဒီလို ဘာသာရေးအတွက် စစ်တိုက်ထွက်ကြသူတွေထဲက တစ်ယောက်ကတော့ ရစ်ချတ်ဆိုတဲ့ အင်္ဂလိပ် ဘုရင်ပါပဲ။ သူက ရဲရင့်လွန်း၊ သန်မာလွန်းလို့ အများက ခြင်္သေ့နှလုံးသား ရစ်ချက် Richard of the Lion Hearted လို့ တင်စားခေါ်ခဲ့ကြတယ်။ အဓိပ္ပာယ်ကတော့ ခြင်္သေ့တစ်ကောင်လို ရဲရင့်တယ်ပေါ့။ သူက ကဗျာစာဆိုလည်းဖြစ်တယ်။ သိပ်ကောင်းတဲ့ကဗျာတွေ အများကြီးရေးစပ်ခဲ့တာပေါ့။

ရစ်ချတ်ဟာ လိမ္မာကျွမ်းကျင်တယ်။ ရဲရင့်တယ်။ သူက တခြား ဘုရင်အချို့ကိုတောင် စိတ်ဆိုးဒေါသထွက်အောင် လုပ်နိုင်တယ်။ ဒါကြောင့်လည်း သူစိတ်ဆိုးအောင် လုပ်လိုက်တဲ့ ဘုရင်တစ်ပါးက သူ့ကို ဖမ်းပြီး ထောင်ချလိုက်တာပဲပေါ့။



ရစ်ချတ်ဘုရင် နန်းတော်ထဲမှာ သီချင်းဆိုတတ်တဲ့ စောင်းသမားတစ်ယောက် ရှိတယ်လေ။ နာမည်က ဘလွန်ဒဲတဲ့။ သူ့ကို ဘုရင်က သိပ်ကြင်နာတယ်။ ဒါကြောင့် ဘလွန်ဒဲကလည်း ဘုရင့်ကို သိပ်ချစ်တာပဲပေါ့။

အဲ ... ရစ်ချတ်စစ်တိုက်ရာ မြင့်မြတ်မြေက ပြန်မလာတော့ ဘလွန်ဒဲ သိပ်ကို ဝမ်းနည်းစိတ်မကောင်းဖြစ်ရှာတယ်။

mgyoe.com

mgyoe.com


သူ့ဘုရင်ပြန်လာနိုး၊ ပြန်လာနိုးနဲ့ ရက်ပေါင်းများစွာ စောင့်နေခဲ့တယ်။ မျှော်ပေမဲ့ ပြန်မလာလို့ စိတ်မကောင်း ဖြစ်နေရတဲ့အထဲမှာ ကောက်ကျစ်တဲ့ သူ့ညီတော် မင်းသားဂျွန် သူ့အစ်ကိုကို လုံးဝ လိုက်မရှာဘူး။ ငါ့အစ်ကို ဘာမျှားဖြစ်နေပါလိမ့်လို့လည်း လုံးဝ မစဉ်းစားဘူး။

ဒါကြောင့် ဘလွန်ဒဲက သူ့သခင်ကို လိုက်ရှာဖို့၊ ရှာတွေ့ရင် ပြန်ခေါ်ခဲ့ဖို့ ဆုံးဖြတ်လိုက်တော့တာပဲပေါ့။ ဒီအဆုံးအဖြတ်နဲ့ သူစောင်းကိုပိုက်ပြီး ပင်လယ်ကိုဖြတ် ရွက်လွှင့်ခဲ့တယ်။ သူဟာ တစ်ပြည်ဝင် တစ်ပြည်ထွက် ရစ်ချတ်ဘုရင်ကို ရှာပုံတော် ဖွင့်ခဲ့တယ်။

နောက်ဆုံး မည်းမှောင်နေတဲ့ တောတစ်တောရဲ့ အစွန်အဖျားနေရာကို ရောက်သွားတယ်။ အဲဒီ သစ်တောနားမှာ မီးခိုးရောင် ရဲတိုက်ကြီးတစ်ခုလည်းရှိတယ်။ သူက အစောင့်တွေကို တစ်ညတာ တည်းခိုခွင့်တောင်းတယ်။ ဒါပေမဲ့ … အစောင့်တွေက သူ့ကို နှင်ထုတ်လိုက်ကြတယ်လေ။ သူ့ကို နှင်ထုတ်လိုက်ချိန်က မှောင်နေပြီ သူလည်း သိပ်မောသိပ်ဆာနေပါပြီ။

ဒါနဲ့ သူ့ကိုယ်သူ အားပေးဖို့၊ အားတင်းထားနိုင်ဖို့ သူ့ရဲ့စောင်းကိုပိုက်ပြီး တေးတစ်ပုဒ်ကို ညည်းလိုက်တော့တာပဲ။ သူညည်းလိုက်တဲ့တေးက သူနဲ့ ရစ်ချတ်တွဲရေးခဲ့တဲ့ တေးတစ်ပုဒ်ပေါ့။

သူ အဲဒီလို ဆိုညည်းလိုက်တာနဲ့ ချက်ချင်းဆိုသလိုပဲ၊ သူဆိုတဲ့ သီချင်းကို လိုက်ဆိုနေသံ ကြားလိုက်ရတယ်။ သီချင်းသံပေါ်ထွက်လာတာကတော့ ရဲတိုက်ကြီးရဲ့ ပြတင်းပေါက်ကလေးကပဲ။ ဒီတေးသံကိုလည်း ဘလွန်ဒဲ ကြားလိုက်ရော သူ့နှလုံး

mgyoe.com

mgyoe.com




ခုန်တာတောင် ရပ်သွားသလို ခံစားလိုက်ရတယ်။ ဘာကြောင့်လည်းဆိုတော့ သူချစ်တဲ့ ဘုရင်ရစ်ချတ်ရဲ့ အသံဖြစ်နေလို့ပဲပေါ့။

ဘလွန်ဒဲက နောက်တစ်ပုဒ် ထပ်ဆိုလိုက်ပြန်တယ်။ အဲဒီတေးက သူ့အင်္ဂလန်ပြန်ပြီး သူဘယ်မှာရှိတယ်ဆိုတာကို သူ့မိတ်ဆွေတွေ သိအောင်လုပ်မယ့်အကြောင်း ရေးဖွဲ့ထားတဲ့ တေးပဲ။

သူ့တေးသီချင်းထဲမှာ ကတိပြုထားတဲ့အတိုင်း သူလုပ်ခဲ့တယ်။ ဒါ … သူ့သခင့်အသက်ကို သူ ကယ်တင်လိုက်တာပါပဲ။

King Richard And the Harper

□

mgyoe.com

mgyoe.com

# လယ်သမား ၁၀ ယောက်

ဟိုး ... ရှေးအခါက လယ်သမား ၁၀ ယောက်ရှိခဲ့ကြတယ်။ တစ်နေ့ သူတို့အတူ ခရီးထွက်ခဲ့ကြတယ်။ ခရီးသွားနေခိုက် မိုးကြိုးတွေပစ်၊ လျှပ်စီးတွေလက်လာတော့ သူတို့ အံ့အားသင့်သွားကြတယ်။ မိုးခိုဖို့ ဘုရားကျောင်းပျက်ထဲ ပြေးဝင်သွားကြရတာပေါ့။ ဒါပေမဲ့ မိုးကြိုးပစ်သံက သူတို့နဲ့နီးသည်ထက်ပိုနီးနီးလာသလိုပဲ။ လေကလည်း အရမ်းကို တိုက်နေလေတော့ လေတွေ သွက်သွက်ခါလူပ်ယမ်းနေပုံကိုတောင် မြင်နေရတယ်။ အဲဒီအခိုက်မှာ လျှပ်စီးတွေကလည်း ဘုရားကျောင်းကို ဝိုင်းပတ်ပြီး လက်နေသလိုပဲ။ အရပ်လေးမျက်နှာလှည့်လည်နေတော့တာပဲ။

လယ်သမားတွေ သေလုမတတ်ကြောက်နေကြတာပေါ့။ သူ့တို့ပတ်လည်မှာ ဒီလောက်တောင် ဆိုးဆိုးဝါးဝါး လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်နေလေတော့ .. "အင်း ...ငါတို့ထဲမှာ အပြစ်

mgyoe.com

mgyoe.com


ရှိတဲ့လူတစ်ယောက်တော့ ရှိနေပြီ။ အဲဒီလူကို မိုးကြိုးကပစ်ဖို့ ကြိုးစားနေတာ ဖြစ်မယ်"လို့ အပိုင်ပေါက်စဉ်းစားမိလိုက်ကြတာ ပေါ့။ အဲဒီအပြစ်ရှိတဲ့လူ ဘယ်သူလဲဆိုတာသိရအောင် သူတို့ရဲ့ ကောက်ရိုးဦးထုပ်တွေကို တံခါးအပြင်ဘက်မှာ ချိတ်ထားကြဖို့ သဘောတူကြတယ်။ နောက် … သူတို့သဘောတူတာ တစ်ချက်က လေတိုက်ယူသွားတဲ့ဦးထုပ်ပိုင်ရှင်ဟာ ဘုရားကျောင်းပျက်အပြင် ထွက်ပြီး မိုးကြိုးပစ်ခံဖို့ပဲ။

ဒါပေမဲ့ လယ်သမားတစ်ယောက်က ထကန့်ကွက်တယ်။

"ကျုပ်တို့ထဲက ဘယ်တစ်ယောက်မှ အပြစ်မရှိကြပါဘူး ဗျာ။ သေချာပါတယ်။ အပြစ်မရှိတဲ့ လူတစ်ယောက်ဟာလည်း သေရမှာကို ကြောက်မှာမဟုတ်ပါဘူး"

ဒါပေမဲ့ ကျန်လယ်သမားတွေက သူပြောတာကို လုံးဝ နားမထောင်ကြဘူးလေ။

ဒီတော့ သူတို့ပြောထားတဲ့အတိုင်း ဦးထုပ်တွေကို အပြင် ထုတ်လိုက်ကြတယ်။ အဲ … ချက်ချင်းဆိုသလိုပဲ။ ဦးထုပ်တစ် လုံးကို လေက တိုက်ယူသွားပါလေရော။ လေတိုက်ယူသွားတဲ့ ဦးထုပ်ပိုင်ရှင်က အားလုံးရဲ့အဆိုကို ထကန့်ကွက်သူပါပဲ။ ဒီတော့ ကျန်လယ်သမားတွေ ဟားတိုက်ရယ်မောကြတာပေါ့။ နောက်ဆုံး သူတို့က ကံမကောင်းအကြောင်းမလှရှာတဲ့ လယ်သမားကို လုံးဝ အကြင်နာစိတ်မရှိပဲ တံခါးအပြင်ဘက် အတင်းတွန်းထုတ်လိုက် ကြတော့တာပဲ။ ဒါပေမဲ့ … သူလည်း အပြင်ဘက်ရောက်သွား ရော ဝိုင်းပတ်လက်တဲ့ လျှပ်စီးတွေ ရပ်ဆိုင်းသွားတယ်။ ချက်ချင်း ဆိုသလိုပဲ ဘုရားကျောင်းကို မိုးကြိုးတစ်ချက်ပစ်လိုက်တယ်။

mgyoe.com

mgyoe.com


တကယ်တော့ ကျန်လယ်သမားကိုးယောက်က တွန်းထုတ်လိုက်တဲ့ လယ်သမားသာ သူတို့အထဲက တစ်ဦးတည်းသောလူကောင်းပဲ။ သူ့ကိုငဲ့ကွက်ပြီး မိုးကြိုးကလည်း ဘုရားကျောင်းကိုတော့ ပစ်မချလိုက်ပါဘူး။ ကဲ ... ခုတော့ ယုတ်မာဆိုးရွားတဲ့ လယ်သမားကိုးယောက်တို့ဟာ သူတို့ရဲ့အပေါင်းအဖော်တစ်ယောက်ကို ရက်စက်ခဲ့ကြလို့ အသက်ပေးလိုက်ကြရပြီ မဟုတ်လား။

The Ten Farmers
တရုတ်ပုံပြင်

❐

mgyoe.com

mgyoe.com

# သဘောကောင်းတဲ့ ဓားပြ

ဟိုး ... ရှေးတစ်ချိန်မှာ ငယ်ရွယ်တဲ့ လယ်သမားလေး တစ်ယောက်ရှိခဲ့တယ်။ နာမည်က လင်ပန် Lin Pan တဲ့။ သူ့ အဖေဆုံးပါးသွားတာကတော့ ကြာလှပါပြီ။ ဒီတော့ လင်ပန်ဟာ မိခင်ကြီးနဲ့ပဲ နေလာခဲ့ရတာပေါ့။ အဖေမရှိတော့ပေမယ့် သူတို့ သားအမိဘဝက နေပျော်ပါတယ်။ သွားလေသူ ဖအေကြီးကို လွမ်းနေမိကြတာတော့ အမှန်ပါပဲ။ မိခင်ကြီးက အိမ်မှုကိစ္စလေး တွေလုပ်၊ သားလေးလင်ပန်က ယာခင်းကလေးကို ဂရုစိုက်ပြုစု။

ဒါပေမဲ့ ... ခုတော့ မိခင်ကြီးက မလုပ်နိုင် မကိုင်နိုင် ရှာတော့ဘူး။ အသက်က အတော်လေးရလာခဲ့ပြီကိုး။ ဒါကြောင့် လင်ပန်ခမျာ တစ်နေကုန် တစ်နေခန်း ယာခင်းထဲမှာ အလုပ်လုပ်၊ ညနေစောင်းတော့ ညစာချက်။ ဒါပေမဲ့ ... သူ့ခမျာတစ်ချက် ကလေးတောင် မညည်းညူရှာဘူး။ ဒီကြားထဲကပဲ ပင်ပင်ပန်း ပန်းလုပ်လို့ ရလာတဲ့ ပိုက်ဆံကို ချွေချွေတာတာသုံး၊ ပိုသလောက် ကလေးကို အိတ်ကလေးထဲထည့်ရတယ်။ အဝတ်အစားလေးတွေ ဝယ်တယ်။ ကောင်းမယ်ထင်တာလေးတွေဝယ်တယ်။

mgyoe.com

mgyoe.com


အဲ ... တစ်နေ့ သန်းခေါင်ယံအချိန်လောက်မှာ လေအေးလေးတဖြူးဖြူးတိုက်ခတ်နေခိုက် သူတို့သားအမိတဲငယ် ကလေးထဲ တစ်စုံတစ်ယောက် ချဉ်းနင်းဝင်လာပါတယ်။ လင်ပန် အိပ်ရာက နိုးလာလို့ သူခိုးဝင်လာမှန်း သိလိုက်တယ်။ သူခိုးက သူ့ကို အိပ်ရာနဲ့တွဲပြီး ကြိုးတွေနဲ့တုပ်လိုက်တယ်လေ။

လင်ပန်လေးဟာ သူ့အမေကြီးနိုးသွားမှာစိုးလို့ အကူအညီကို အော်မခေါ်ရဲဘူး။ နောက် အိမ်နဲ့အနီးဆုံး ယာခင်းတောင်သူ့အိမ်နဲ့ အတော်လေးလှမ်းနေတာကိုး။ ဒါကြောင့် ငြိမ်ငြိမ်လေးပဲ နေလိုက်ပြီး ဓားပြကို မသိမသာကြည့်နေရတော့တာပဲပေါ့။ ဓားပြက သူ့မီးအိမ်ကို ဟိုဘက်လှည့်လိုက်။ ဒီဘက်လှည့်လိုက်လုပ်ပြီး ဝှက်ထားတဲ့ ပစ္စည်းလေးတွေကို ရှာတာပေါ့။ တကယ်တော့ လင်ပန်ခမျာ ဒီပစ္စည်းလေးတွေကို နှစ်ရှည်လများ ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ငွေချွေတာသုံး၊ ပိုသမျှလေးကို စုပြီး ဝယ်ထားတာလေးတွေပဲ။

ဓားပြက အဝတ်စကြီးဖြန့်ခင်းပြီး ရသမျှထုတ်ဖို့ ပြင်တော့တာပေါ့။ အရင်ဆုံးထုတ်ဖို့ ထည့်လိုက်တာကတော့ လင်ပန်ရဲ့ အကောင်းဆုံး ပိုးဝတ်ရုံပါပဲ။ နောက်လင်ပန်ရဲ့ တစ်ရန်တည်းသော ရှူးဖိနပ်။ နောက် ... လင်ပန်စုထားတဲ့ ငွေအိတ်ကလေး။ နောက် ... လိုတဲ့အချိန်ကျမှ ချုပ်ဝတ်ဖို့ ဝယ်ယူစုဆောင်းထားတဲ့ အကျီစလေးတွေ။ သူခိုးဒီလို သိမ်းထည့်နေချိန်မှာ လင်ပန်လုံးဝမလှုပ်ဘူး၊ ပါးစပ်လည်း မဟရဲဘူး။

နောက် ... သူခိုးက မီးဖိုပေါ်တင်ထားတဲ့ကြေးအိုးကို ယူလိုက်တယ်။ ဒီမှာတင် လင်ပန် မပြောမဖြစ်တော့လို့ အရဲစွန့်

mgyoe.com

mgyoe.com

ပြီး ပြောလိုက်ရတယ်။

"တောင်းပန်ပါတယ်ဗျာ … အဲဒီကြေးအိုးကိုတော့ မယူပါနဲ့နော်။ ကျန်တာ အားလုံးယူသွားပါ။ ကျွန်တော်ဘာမှ မပြောပါဘူး။ ဒါပေမဲ့ အဲဒီကြေးအိုးကတော့ မနက်ဖြန်မနက်စာ အမေ့အတွက် ချက်ဖို့လိုအပ်ပါတယ်။

ဒီမှာတင် ဓားပြ မှင်တက်မိသွားတော့တာပဲ အာစေးကပ်သွားတော့တာပါပဲ။ ပြုစားခံလိုက်ရသလို ကြေးအိုးကိုလည်း လွှတ်ချလိုက်တယ်။

"အင်း … ဒီသားလိုစိတ်ထားကောင်းပြီး မိဘအပေါ် လုပ်ကျွေးနေသူမျိုးကို ငါ ဓားပြတိုက်လိုက်ရင် ငါကံဆိုးရတော့မှာပဲ။ မကောင်းမှုနဲ့ နာမည်ကြီးနေတော့မှာပဲ"

ဒီလို တွေးမိပြီး သူက လင်ပန်ကို ဦးညွတ်အလေးပြုလိုက်တယ်။

"မှတ်သားလောက်အောင် ကောင်းခြင်းမင်္ဂလာနဲ့ ပြည့်စုံနေတဲ့ သူငယ်လေး။ မင့်ကြေးအိုးကို ကျုပ်မယူတော့ပါဘူး။ ယူဖို့လုပ်ထားတဲ့ အခြားပစ္စည်းတွေကိုလည်း ပြန်ထားခဲ့ပါတော့မယ်"

စကားပြောပြီးတာနဲ့ ယူထားတဲ့ပစ္စည်းတွေကို သူ့နေရာမှာသူ ပြန်ထားလိုက်တယ်။ လင်ပန်ကို တုတ်နှောင်ထားတဲ့ ကြိုးတွေကို ဖြေပေးလိုက်တယ်။ ပြီးမှ အမှောင်ထဲ ထွက်သွားပါတယ်။

The Good Robber

တရုတ်ပုံပြင်

❐

mgyoe.com

mgyoe.com

# ဒိုင်ယာနာ ဇာတ်လမ်း

ဒိုင်ယာနာနဲ့ အပိုလိုကအမြွှာမောင်နှမ။ ဒိုင်ယာနာဟာ လနတ်သမီးတစ်ပါးဖြစ်သလို အမဲလိုက်နတ်ဖုရားမလည်းဖြစ်တယ်။ သူ့မြင်လိုက်ရင် အမြဲကိုလှနေတာပဲ။ အမဲလိုက်ဝတ်စုံတိုကို အမြဲဝတ်ထားတတ်တယ်။ မြားကျည်တောက်ကို ပခုံးမှာလွယ်ထားပြီး လေးကိုလက်နဲ့ကိုင်ထားမြဲပေါ့။

နေနတ်သားအပိုလိုက ရွှေရောင်နေရထားကြီးကို နေ့စဉ်နေ့တိုင်း ကောင်းကင်ကိုဖြတ်မောင်းနှင်နေသလို၊ ဒိုင်ယာနာကလည်း ငွေရောင်လရထားကို ညစဉ်ညတိုင်း ကောင်းကင်ကိုဖြတ်မောင်းနေရတာပဲ။ အဲဒီလို မောင်းနေရင် ငွေလမင်းရဲ့ရောင်စဉ်တွေက ဖြာထွက်နေတာပဲပေါ့။ ကြယ်တွေကလည်း ဒိုင်ယာနာကိုချစ်ကြတယ်။ ဒိုင်ယာနာနဲ့တွဲပြီး သူတို့ကိုယ်ပိုင် တောက်ပလင်းလက်တဲ့ အလင်းရောင်တွေကို ဖြန့်ဝေပေးကြတယ်လေ။ တစ်ခါတလေများ ဒိုင်ယာနာရဲ့အလင်းရောင်က လခြမ်းပုံ

mgyoe.com

သဏ္ဍာန်ဖြစ်နေပြီး တစ်ခါတစ်ခါကျတော့ နေလိုဝိုင်းနေမြဲ သိပ်ကို လင်းလက်တောက်ပနေတယ်လေ။ လရထားကို မောင်းနှင်ဖို့ တာဝန်ပြီးသွားတာနဲ့ သူဟာ နတ်သမီးလေးတွေခေါ်ပြီး သစ်တော ထဲမှာ အမဲလိုက်တော့တာပဲ။

ဒိုင်ယာနာက သူ့လွတ်လပ်တဲ့ဘဝကို သိပ်သဘောကျ ကျေနပ်တယ်။ ဒါကြောင့်လည်း သူငယ်ငယ်လေးကတည်းက နတ်ဘုရားများရဲ့ဖခင် 'ဂျူပီတာ' ကို သူဘယ်တော့မှ လက်ထပ် မခိုင်းဖို့ ခုအတိုင်းပဲ နေသွားဖို့ ခွင့်တောင်းခဲ့တာပဲပေါ့။ ဂျူပီတာ ကလည်း ခွင့်ပြုခဲ့တယ်။ ဒါကြောင့် ဒီချစ်စရာလနတ်သမီးလေး ဟာ ဘယ်တော့မှ လက်မထပ်ခဲ့ပါဘူး။

ဒိုင်ယာနာဟာ သူ့ငွေရောင်လ,ရထားကြီးကို ကောင်း ကင်ဖြတ် မောင်းနှင်နေရင်း အိပ်မောကျနေတဲ့ မြေကမ္ဘာကို ငုံ့ငုံ့ ကြည့်တတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူလေးက မြေကမ္ဘာ ပေါ်က ပန်းပင်လေးတွေကို ကြည့်မြင်လိုတာကိုး။ တောက်ပ လင်းလက်တဲ့ နှင်းစက်ဝတ်ရုံကို လွှမ်းခြုံထားကြတဲ့ ပန်းဖူးပန်းငုံ လေးတွေကို ကြည့်မြင်လိုတာကိုး။

အဲ … တစ်ညနေမှာတော့ လနတ်သမီးက ခါတိုင်းလို မြင်းဖြူကြီးတွေကတဲ့ ရထားကို ကောင်းကင်ဖြတ်မောင်းနေခိုက် ရေညှိတွေကပ်နေတဲ့ ကမ်းပါးပေါ်မှာ အိပ်ပျော်နေတဲ့ လှပချော မောတဲ့သိုးကျောင်းသားလေးကို အမှတ်မထင် မြင်လိုက်ရတယ်။ မြင်လိုက်တာနဲ့ ဒီလောက်ချောတဲ့ ယောကျ်ားမျိုးကို တစ်ခါမှ မမြင်ဖူးဘူးလို့လည်း သိလိုက်ရတယ်။ ဒီသိုးကျောင်းသားလေး နာမည်က "အန်ဒိုင်းမီယွန်"တဲ့။

mgyoe.com

mgyoe.com


အချောအလှရဲ့ဆွဲဆောင်မှုကြောင့် လနတ်သမီးဟာ မြင်းရထားကို ရပ်တန့်ပြီး အောက်ဆင်းလိုက်တယ်။ နောက် … သိုးကျောင်းသားလေးအိပ်ပျော်နေတဲ့ နေရာအရောက်သွားပြီး အကြာကြီး ငေးစိုက်ကြည့်နေလိုက်တယ်။ ဒိုင်ယာနာဟာ ကြည့်ရုံလောက်နဲ့ အားမရနိုင်လို့ထင်ပါရဲ့၊ သိုးကျောင်းသားလေးနားတိုးသွားရင်း ကိုယ်လေးကို ကိုင်းညွတ်၊ ဖွဖွလေးနမ်းလိုက်တယ်။ သူ့အနမ်းက ဘယ်လောက်ပဲ ဖွဖွလေးဖြစ်ဖြစ်၊ သိုးကျောင်းသားလေးကတော့ နိုးလာတာပဲပေါ့။ နိုးလာတာနဲ့ အလှနတ်သမီးကို မြင်လိုက်ရတာပဲ။ အလှနတ်သမီးကလည်း အမြင်ခံလိုက်ရတာနဲ့ ငွေရောင်ရထားကြီးပေါ် အမြန်တက် ခရီးဆက်သွားပါတော့တယ်။

သိုးကျောင်းသားလေး သိပ်ကို အံ့အားသင့်နေမိရှာတယ်။ ဘာကြောင့်လဲဆိုတော့ တဒင်္ဂအဖြစ်အပျက်ကလေးက သူ့ကို ငွေလရောင်လေးတွေနဲ့ ထွေးပတ်ထားပြီး စူးရှတဲ့ ကြယ်ပွင့်မျက်လုံးတစ်စုံက ချီးကျူးနေဟန်နဲ့ ငေးစိုက်ကြည့်နေလို့ပဲ။ ဒါပေမဲ့ သူက ဒါဟာ အိပ်မက်ပဲလို့ခံစားလိုက်တယ်။ တစ်ချိန်တည်းမှာ ဒီအိပ်မက်မျိုး ထပ်မက်ဖို့လည်း မျှော်လင့်မိလိုက်ပါတယ်လေ။ ဟုတ်ကဲ့၊ သူ့မျှော်လင့်ချက်က တကယ်အကောင်အထည်ပေါ်လာပါတယ်။ ဒီ အိပ်မက်ကို သူ ထပ်ပြန်တလဲလဲမက်ပါတယ်။ သူသိပ်ကို ပျော်ရတာပဲပေါ့။ မက်မှာပေါ့၊ ဒိုင်ယာနာကလည်း ညစဉ်ညတိုင်း သူ့လရထားကို ခဏရပ် သိုးကျောင်းသားလေးနား သာသာလေးသွားပြီး ပါး၊ နှုတ်ခမ်းလေးတွေကို ဖွဖွလေးနမ်းလိုက်တာကိုး။ ဒီလို အချိန်မျိုးမှာတော့ သိုးကျောင်းသားလေး

mgyoe.com

mgyoe.com
က မျက်စိကိုတောင် မဖွင့်ရဲရှာဘူးလေ။ မျက်စိဖွင့်လိုက်ရင် လနတ်သမီး ပျောက်သွားတော့မှာကိုး သူက ဒီအိပ်မက်မျိုး ညစဉ် မက်နေရတော့ သိပ်ကိုပျော်နေမိတာပဲပေါ့။

ကြာလေ အရူးရင့်လေ ဆိုသလိုပဲ။ နောက်ဆုံးမှာ ဒိုင်ယာနာက သိုးကျောင်းသားလေးအပေါ် ဒုက္ခရောက်မယ့်အရေး စိတ်မချမ်းသာစရာကျရောက်လာမယ့် အန္တရာယ်ကို သိပ်မုန်းတီး လာတယ်။ ဒီအန္တရာယ်တွေသာ တကယ်ပေါ်ပေါက်လာခဲ့ရင် ညတွေမှာ သူ့ကိုတွေ့မြင်နိုင်မှာ မဟုတ်တော့ဘူး မဟုတ်လား။ ဒါကြောင့် သိုးကျောင်းသားလေးကို ဘယ်လိုအဖြစ်ဆိုးမျိုးနဲ့မှ မတွေ့ရလေအောင် ကာကွယ်စောင့်ရှောက်ပေးဖို့ ဆုံးဖြတ်လိုက် တယ်။ ဒါကြောင့် သူ့တန်ခိုးစွမ်းအားနဲ့ သိုးကျောင်းသားလေး မနိုးမထတော့ပဲ ထာဝရအိပ်မောကျနေအောင် စီရင်ဖန်တီးလိုက် တော့တာပဲ။ အိပ်မောကျသွားတော့ သိုးကျောင်းသားလေးကို ပွေ့ချီ၊ ငွေရောင်ရထားပေါ်တင်ပြီး တောင်ထိပ်အရောက်မောင်းနှင် သွားပါတော့တယ်။ တောင်ထိပ်ရောက်တော့ သူမ တစ်ဦးတည်း သာ သိထားတဲ့ လျှို့ဝှက်ဂူထဲမှာ သိပ်ထားလိုက်တယ်။ ဒီတော့ ညစဉ်ညတိုင်း သူ့လရထားက တောင်ထိပ်ပေါ် ရောက်လာတဲ့ အခါ ခဏလေးရပ်၊ ဂူထဲအရောက်ပြေးပြီး အိပ်မောကျနေတဲ့ သိုးကျောင်းသားအချောအလှလေးကို ဖွဖွလေးနမ်း၊ ပြီးတာနဲ့ ခရီးပြန်ဆက်။ ဒီလိုနဲ့ပဲ သိုးကျောင်းသားလေး 'အန်ဒိုင်းမီယွန်' ခမျာ တောင်ထိပ်မှာ ထာဝရအိပ်စက်နေရပြီး လနတ်ဘုရားမက သူ့ကို ညစဉ်ညတိုင်းလာနမ်းတယ်လို့ အိပ်မက်မက်နေရတော့တာ ပေါ့။
mgyoe.com

mgyoe.com


လရထားမောင်းဖို့တာဝန်ကုန်ဆုံးသွားပြီဆိုရင်တော့ လနက်သမီးဒိုင်ယာနာလေးမှာ နတ်သမီးလေးတွေ ဝိုင်းခစားကြရောတာပဲ။ ဒီနတ်သမီးလေးတွေကလည်း အမဲလိုက်ဝါသနာအိုးလေးတွေပဲလေ။ တစ်နေ့မှာ သူတို့တစ်တွေ အမဲလိုက်ထွက်ကြတော့ တောလိုက်ထွက်လာခဲ့တဲ့ လူငယ် 'အိုရီအွန်'က နတ်သမီးလေးတွေနောက် တကောက်ကောက်လိုက်ပါရော။ တကယ်တော့ နတ်သမီးလေးတွေကို အမိဖမ်းဖို့လိုက်တာ။ ဒါပေမဲ့ သူဟာ နတ်သမီးလေးတစ်ပါးကိုတောင် မမိလိုက်ဘူးလေ။ ဘာကြောင့်လဲဆိုတော့ နတ်သမီးလေးတွေနား သူရောက်လာတဲ့အခါ ဒိုင်ယာနာကို အော်ခေါ်ပြီး အကူအညီတောင်းတော့ ဒိုင်ယာနာက သူတို့တစ်တွေကို ခိုဖြူအုပ်တစ်အုပ်အဖြစ် ပြောင်းပေးလိုက်တော့ အန္တရာယ်ကင်းကင်းနဲ့ ဟိုး .... အဝေးကို ပျံသွားနိုင်ကြတာကိုး။

ဘယ်လိုပဲဖြစ်ဖြစ်လေ ... နောက်ပိုင်းမှာ ဒိုင်ယာနာကိုယ်တိုင် အိုရီအွန်ကို မိတ်ဆွေဖွဲ့လိုက်တယ်။ သူတို့နှစ်ဦး သိပ်ကိုခင်မင်သွားကြတာပေါ့။ ဒီတော့ သူ့အစ်ကို နေနတ်ဘုရား 'အပိုလို'က သူ့ညီမဟာ သေမျိုးဖြစ်တဲ့ လူသားတစ်ယောက်နဲ့ တပူးတွဲတွဲလုပ်နေတာကို လုံးဝမရှုဆိတ်ဘူး။ ဒါကြောင့် သူတို့နှစ်ဦးရဲ့ဆက်ဆံရေးကို လုံးဝဖြတ်တောက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီလိုနဲ့ တစ်နေ့မှာ 'အိုရီအွန်'က ပင်လယ်ကမ်းခြေနဲ့ အတော့်ကို လှမ်းတဲ့နေရာမှာ ရေချိုးနေတယ်ဆိုတာကို အပိုလိုသိသွားတယ်။ ဒီတော့ သူက သူ့ညီမအနားလျှောက်သွားပြီး လေးပစ်သိပ်တော်ကြောင်းတွေ ပြောပြချီးကျူးတာပေါ့။ ချီးကျူးပြီးတာနဲ့ ဟိုး ... အဝေးပင်လယ်ထဲက ရွေ့ရှားနေတဲ့ အမဲစက်ကလေးကို ထိမှန်အောင်

mgyoe.com

mgyoe.com


ပစ်နိုင်မလား။ ထိမှန်အောင်ပစ်နိုင်ရင်တော့ သူ့ညီမဟာ တကယ့်ကို အံ့သြစရာကောင်းလောက်အောင် လေးပစ်တော်ပါတယ်ဆိုတဲ့ အချက်ကို သက်သေပြလိုက်တာပဲလို့ မြှောက်ပင့် ပြောပြလိုက်တယ်။ ဒိုင်ယာနာ သိပ်ကိုကျေနပ်သွားတာပေါ့။ ချက်ချင်း လေးနဲ့ မြားကို ကောက်ကိုင်ပြီး ကောင်းကောင်း ချိန်ပစ်လိုက်တယ်။ ရွေ့ရှားနေတဲ့ အရာကို ထိမှန်သွားတယ်။ ဒါပေမဲ့ … သူ့ချစ်သူငယ်ချင်း 'အိုရီအွန်' မှန်းမသိပဲနဲ့ သတ်လိုက်မိပြီ ဖြစ်ကြောင်း သိလိုက်ရတော့ အပူလုံးကြွ၊ ယူကျုံးမရ ဖြစ်ရရှာတာပေါ့။ သူ့ကို ဘယ်တော့မှ မမေ့စေနိုင်တဲ့ ဆန္ဒကြောင့် သူ့ရုပ်အလောင်းနဲ့ သူ့သစ္စာရှိခွေး 'ဆီးရီးယပ်' ကို ကြယ်ပွင့်များအဖြစ် ပေါင်းလိုက်ပြီး ကောင်းကင်ထဲမှာ ထားလိုက်တယ်။ ဒီတော့ သူတို့ကို သူအမြဲတမ်း မြင်တွေ့နေရတာပေါ့။

တစ်ခါမှာလည်း ဒိုင်ယာနာနဲ့ သူ့နတ်သမီးတွေ တစ်နေ့တာ အမဲလိုက်ပြီးလို့သိပ်ကို ပူအိုက်လွန်းတဲ့အတွက် ရေကန်လေးထဲ ဆင်းရေချိုးကြတယ်။ ရေချိုးရင်း မြူးတူးဆော့ကစားနေကြတာပေါ့။ သူတို့ရေထဲမှာ မြူးတူးဆော့ကစားနေကြသံတွေကို လူငယ်မုဆိုးလေး 'အတိုင်းအွန်' ကကြားသွားတယ်လေ။ ကြားသွားတော့ အသံလာရာ နားအရောက်သွားတာပေါ့။ တပျော်တပါး ရေကူးနေကြသူလေးတွေကို ချုံကြားထဲကနေပြီး ချောင်းကြည့်တာပေါ့။ တကယ်လို့ သူသာ အသိဉာဏ်ရှိတဲ့ လူငယ် တစ်ယောက်ဖြစ်ခဲ့ရင် ချက်ချင်းပြန်လှည့်သွားမှာပဲ။ ဒါပေမဲ့ … ခုတော့ အဲဒီလိုပြန်မလှည့်ပဲ အကြာကြီး ဆက်ချောင်းနေတယ်လေ။ ဒီဖြစ်ရပ်ကို အံ့အားသင့်သွားတဲ့ လနတ်သမီးက မြင်လိုက်တယ်။ ဒီတော့

mgyoe.com

mgyoe.com


ဒေါသ ထွက်ပြီး ရိုင်းပျတဲ့ သေမျိုးလူသားက သူလို နတ်ဘုရားမကို ချောင်းကြည့်လောက်အောင် ဝံ့စားလွန်းလှတဲ့ အတွက် သူ့မျက်နှာကို ရေနဲ့ ပက်လိုက်တယ်။ ချက်ချင်းပဲ၊ သူသမင်တစ်ကောင် ဖြစ်သွားပါတော့တယ်။ သမင်ဖြစ်သွားတာနဲ့ 'အတိုင်းအွန်' ကို သူ့အမဲလိုက်ခွေးတွေက ချက်ချင်းဖမ်းပြီး ဝိုင်းသတ်လိုက်ကြတယ်လေ ....။

The Story of Diana

ဂရိဒဏ္ဍာရီပုံပြင်

❒

mgyoe.com

mgyoe.com

# ရွှေလမှာ ယုန်ဝပ်လို့

သစ်တောကြီးထဲမှာ ရှင်းသန့်တဲ့ မြေကွက်ကလေး တစ်ကွက်ရှိတယ်။ ဒီမြေကွက်ကလေးက သစ်ပင်ကြီးတွေက ဝိုင်းပတ်ထားသလို ပေါက်နေကြတော့ မြေကွက်ကလေးဟာ သိပ်ကို လှပနေတာပေါ့။ မြေကွက်ကလေးပေါ်မှာ နူးညံ့တဲ့ မြက်ပင်စိမ်းစိမ်းကလေးတွေ ပေါက်နေပုံကလည်း မြက်ကော်ဇောလေး ခင်းထားတဲ့အတိုင်းပါပဲ။ နောက် .. ကြည်အေးတဲ့ စမ်းချောင်းလေးကလည်း မြက်ခင်းဘေးမှာ စီးဆင်းနေတယ်လေ။ အင်း ... ဒီနေရာလေးကတော့ တကယ့်ကို လှပပြီး ဆိတ်ငြိမ်တဲ့နေရာပါပဲ။

ဟိုး ... တစ်ချိန်တုန်းကတော့ ဒီနေရာမှာ ယုန်ကလေး တစ်ကောင်နေခဲ့တယ်။ သိပ်လှတဲ့ယုန်ကလေးပေါ့။ ပညာလည်း ကြီးတယ်။ မျက်လုံးလေးတွေရဲ့အကြည့်က သိပ်ကို သိမ်မွေ့တယ်။ သူ့နှလုံးသားကလည်း နူးညံ့တယ်။ တစ်တောလုံးက

mgyoe.com

mgyoe.com




ဒီယုန်ကလေးရဲ့ ကောင်းသတင်းတွေကို သိထားလေတော့ ဒီတောနေတိရစ္ဆာန်လေးတွေ အားလုံးက သူ့ကို အလေးအမြတ်ထားကြတယ်။

mgyoe.com

mgyoe.com


ဒီအသိဉာဏ်ကြီးတဲ့ ယုန်ကလေးကို အချစ်ပိုကြသူတွေကတော့ ခွေးအ၊ မျောက်ဝံနဲ့ဖျံတို့ပါပဲ။ ယုန်ကလေးက တကယ်တော့ သူတို့သုံးဦးရဲ့ဆရာပဲ။ သူ့ဩဇာက သူတို့သုံးကောင်အပေါ်မှာ သိပ်ကို ကြီးလွန်းလို့ သူတို့သုံးဦးဟာ မခိုးကြ၊ မဝှက်ကြတော့ဘူး။ သူတို့ဆရာလိုပဲ လိမ္မာလာကြတယ်။ ကြင်နာသနားတတ်လာကြတယ်။ ယုန်လေးရဲ့နမူနာကို ယူ၊ ယုန်လေးလမ်းစဉ်အတိုင်းလိုက်လာခဲ့ကြတော့ ယုန်လေးညွှန်ကြားသမျှဝမ်းမြောက်ဝမ်းသာ လုပ်ဆောင်ကြတော့တာပဲပေါ့။

တစ်ညနေ ယုန်ကလေးက သစ္စာရှိကြတဲ့ သူ့အပေါင်းအဖော်တွေနဲ့ အပြင်ထွက်သွားချိန်မှာ လမင်းကြီးက လှလှပပထိန်ထိန်သာနေတယ်။

ဒီတော့ ယုန်ကလေးက –

"ကြည့်လိုက်ကြစမ်းကွယ် ....။ နက်ဖြန်ဟာ ဥပုသ်နေ့လို့တို့တစ်တွေကို ပြောပြဖို့ထွက်လာသလိုပဲ" လို့ ကြည်ကြည်နူးနူး ပြောလိုက်တယ်။ နောက်သူက ဆက်ပြီး "ဒီတော့ မနက်ဖြန်တို့ ဥပုသ်စောင့်ကြမယ်။ ဧည့်သည်တစ်ယောက်ယောက်များရောက်လာခဲ့ရင် သူ့ကို ငါတို့တစ်ခုခုလှူကြမယ်" လို့ ဆက်ပြောပြန်ပါတယ်။

"ဟာ ... သိပ်ကောင်းပါတယ်။ ဒီအတိုင်းလုပ်ကြတာပေါ့"

တပည့်သာဝက သုံးဦးစလုံးက ဝမ်းမြောက်ဝမ်းသာသဘောတူကြတယ်။

နောက်တော့ ယုန်လေးက စဉ်းစားမိလိုက်တယ်။

mgyoe.com

mgyoe.com


"အင်း ... ငါ့မိတ်ဆွေတွေက ဧည့်သည်ကို စားသောက်စရာတွေနဲ့ ကျွေးမွေးနိုင်ပေမယ့် ငါကတော့ သူတို့လို မလုပ်နိုင်ဘူး။ ငါလုပ်နိုင်တာက ငါ့သွားလေးတွေနဲ့ မြက်ပင်နုတ်၊ မြတ်ကလေးတွေကို ကိုက်ဖြတ်နိုင်ရုံလောက်ပဲ။ အင်း ... အဖြစ်ကဆိုးလိုက်တာ...။ အမှန်တော့ ဧည့်သည်လာရင် ငါ ဝမ်းမြောက်ဝမ်းသာဖြစ်ရမှာ။ ဒါပေမဲ့ ခုတော့ သင့်တော်တဲ့ စားသောက်စရာတွေ မကျွေးနိုင်မှာမို့ စိတ်မကောင်းဖြစ်လိုက်တာ..."

ယုန်ကလေးအတော်ကြာအောင် စဉ်းစားနေတယ်။ ခဏကြာတော့ ရုတ်တရက်ဝမ်းသာသွားပုံနဲ့ "ဟား ... ငါ လုပ်ရမှာကို သိပြီ။ တကယ်လို့ ဒီကို ဧည့်သည်တစ်ဦးဦးများ ရောက်လာခဲ့ရင် ဧည့်သည်စိတ်ကျေနပ်သွားအောင် ကျွေးရမယ့်အစားအစာနဲ့ ဧည့်ခံဂုဏ်ပြုလိုက်မယ်။ ငါ ဧည့်ခံမယ့် စားစရာက အလွယ်နဲ့တော့ မရဘူး။ တခြား ငါ့မိတ်ဆွေတွေ ယူလာမယ့် စားစရာတွေနဲ့လည်း မတူဘူး" လို့ အသံတိတ် ဟစ်ကြွေးလိုက်တယ်။

ဒီလိုစဉ်းစားမိပြီး ယုန်ကလေးဟာ သူ့ဝန်းကျင်ကို ဝမ်းသာအားရဖြစ်စိတ်၊ တောက်ပလင်းလက်တဲ့ မျက်လုံးအစုံနဲ့ ငေးစိုက်ကြည့်လိုက်တယ်။ ဒီအချိန်မှာ လေညင်းကလေး သွေးသွားတယ်။ သစ်ပင်လေးတွေ ယိမ်းထိုးသွားကြတယ်။ ပန်းရနံ့လေးတွေ လေထဲမှာပါလာတယ်။ အင်း ... စမ်းချောင်းလေးထဲကကြာပန်းရနံ့ကတော့ အမွှေးပျံ့ဆုံးပါပဲ။ တဖြည်းဖြည်းနဲ့ ညဉ့်နက်လာပေမယ့် ယုန်လေးကတော့ ထိုင်တွေးလို့ ကောင်းတုန်းပေါ့။

နောက်နေ့မှာ သစ်တောထဲက မြေတလင်းပေါ် သူတော်စင်တစ်ပါး ကြွလှမ်းလာတယ်။ အချိန်က နေ့လယ်ခင်း၊ နေအထက်

mgyoe.com

mgyoe.com

မြင့်နေပြီး အပူပြင်းဆုံးအချိန်ပါပဲ။ အရိပ်ကလေးတွေတောင် အတိုဆုံးဖြစ်သွားကြပြီ။ သူတော်စင်က ညည်းတွားရင်း မျက်ရည်ကျရှာတယ်။ လမ်းပျောက်သွားလို့ သိပ်ကို ဆာလောင်နေပုံပါပဲ ရေလည်း သိပ်ကိုငတ်နေပုံရတယ်။

သူတော်စင်က မျက်လုံးပင့်ပြီးကြည့်လိုက်တော့ ယုန်လေးနဲ့ သူ့တပည့်မိတ်ဆွေတွေဖြစ်ကြတဲ့ ခွေးအ၊ မျောက်ဝံနဲ့ ဖျံကို လှမ်းမြင်လိုက်တယ်။

"အေးကွယ် … ကျုပ်ဘယ်လမ်းလိုက်ရမှန်း မသိတော့ဘူး။ ဘာသာတရားကိုင်းရှိုင်းသူတွေ ကျုပ်ကို ကူညီကြပါဦး"

သူတော်စင် မျက်ရည်ကျတာကို မြင်လိုက်ရတော့ ယုန်ကလေးစိတ်ထိခိုက်သွားရှာတယ်။

"စိတ်သက်သာအောင်နေပါ။ ဒီနားတစ်ဝိုက်မှာ မိတ်ဆွေကောင်းတွေ ရှိနေပါတယ်။ ဒီနေရာရောက်လာမှတော့ ကိုယ့်ကျောင်းသင်္ခမ်းပြန်ရောက်နေတယ်လို့ပဲ သဘောထားလိုက်ပါ။ ကိုယ့်တပည့်သားမြေးတွေကြားမှာ ရောက်နေတယ်လို့ပဲ မှတ်ယူလိုက်ပါ အရှင်သူတော်စင်။ ဒီတစ်ရက်ကုန်သွားတဲ့အထိ ကျွန်ုပ်တို့နဲ့ အတူနေပြီး ကျွန်ုပ်တို့ကို ဂုဏ်ပြုပေးစေလိုပါတယ်"

သူတော်စင်က တိတ်တဆိတ်ဦးညွှတ်လိုက်တယ်။ ဒီတော့ ဖျံက ဝမ်းသာအားရ ထခုန်လိုက်ပြီး စားစရာတွေရှာဖို့ ပြေးထွက်သွားတယ်။ ထွက်သွားပြီး မကြာခင်မှာပဲ ငါးခုနစ်ကောင်ယူပြီး ပြန်ရောက်လာတယ်။

"ဒီငါးတွေက စမ်းချောင်းကမ်းပါးပေါ်မှာ လဲနေကြတာ။ တံငါတစ်ယောက်ယောက်ကပဲ မေ့ကျန်ရစ်ခဲ့သလား။ ဒါမှမဟုတ်

mgyoe.com

mgyoe.com


ရေထဲက သူတို့ဟာသူတို့ခုန်ထွက်ခဲ့ကြသလားတော့ မသိဘူး။ ကဲ... ဒီငါးတွေကို ချက်ပြီး သုံးဆောင်ပါ။ ပြီးရင် ကျွန်ုပ်တို့နဲ့ ခဏတာ လေးပဲဖြစ်ဖြစ် နေလိုက်ပါဦး"

ဖျံလိုပဲ၊ ခွေးအကလည်း စားစရာရှာဖို့ ပြေးထွက်သွားတာပဲ။ အခု သူလည်း နို့တစ်ပုံးနဲ့ ဖွတ်တစ်ကောင်ကို ကြိုးနဲ့ ချီဆွဲယူလာခဲ့ပါပြီ။

ဒါတွေကို သူက သူတော်စင်ကို ကပ်လှူရင်း "ဒီစားစရာတွေက ကျွန်ုပ်တို့တဲနားမှာ ကျန်ရစ်ခဲ့တာတွေပါ။ ဒါတွေကို သူတော်စင်လက်ခံပါ။ ကျွန်ုပ်တို့နဲ့ ဆက်နေလိုက်ပါဦး" လို့ ပြောလိုက်တယ်။

ဖျံလိုပဲ၊ ရတ်တရက်ပျောက်သွားတဲ့ မျောက်ကလည်း အခုပြန်ရောက်လာပြီလေ။ သူကတော့ သိပ်ကိုလှပတဲ့ သရက်သီးမှည့်တွေ ယူလာခဲ့တယ်။ သူက ဦးညွှတ်ပြီး သူတော်စင်ရဲ့ ခြေရင်းမှာ နေရာယူလိုက်တယ်။

"အို ... သူတော်စင်ကြီး၊ ကျွန်ုပ်ကတော့ ရေလိုအေးတဲ့ ဟောဒီအသီးတွေကို ယူလာခဲ့ပါတယ်။ သုံးဆောင်တော်မူပါ။ သုံးဆောင်ပြီး ကျွန်ုပ်တို့နဲ့ ဒီမှာပဲနေပါ..."

ယုန်ကတော့ သူ့တပည့်တွေ ပြောသမျှ၊ ပြုလုပ်ကြသမျှကို သည်းခံစောင့်ဆိုင်းပြီး နှုတ်ဆိတ်နေပါတယ်။ သူက သူ့တပည့်တွေလို ထွက်ပြီး စားစရာမရှာနိုင်ဘူးလေ။ ဒါကြောင့် ခုထိ သူ့မှာ သူတော်စင်ကို ကပ်လှူဖို့ ဘာတစ်ခုမှ မရှိရှာပါဘူး။ မြက်ပင်စိမ်းစိမ်းလေးတွေကိုလည်း မကပ်လှူချင်ဘူး။ ဒါပေမဲ့ ယုန်ကလေးစိတ်ဓာတ်က သိပ်ကို မြင့်မြတ်တယ်။ ရက်ရောတဲ့

mgyoe.com

mgyoe.com


နလုံးသားရှိတယ်။ ဒါကြောင့် သူရှေ့ထွက်လာပြီး .. "ကျွန်ုပ်က တောထဲက ယုန်တစ်ကောင်ပါ။ ဒါကြောင့် အရှင့်အတွက် ဆွမ်းတို့၊ ပဲတို့၊ မယူလာနိုင်ပါဘူး။ ဒါကြောင့် ဘာသာတရားကို ကိုင်းရှိုင်းလှတဲ့ အရှင်မြတ်၊ ကျွန်ုပ်မှာ ပေးစရာရှိတာကိုပဲ လက်ခံပါတော့။ ကဲ … ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ကိုယူပြီး သုံးဆောင်ပါတော့။ ဒါမှ အရှင် အားအင်ဖြည့်ဖြိုးပြီး အသက်ရှင်နိုင်မှာပါ" လို့ ပြောပြလိုက်တယ်။

တကယ်တော့ ဒီသူတော်စင်ဟာ နတ်ဘုရားများရဲ့ ဘုရင်ဖြစ်တယ်။ ယခု သူတော်စင်ယောင်ဆောင်ထားတာပါ။ သူရောက်လာတာကိုက ယုန်ကလေးရဲ့ ဘာသာတရားကိုင်းရှိုင်းမှုကို အကြီးမားဆုံးသော စမ်းသပ်မှုပြုလုပ်ဖို့ဖြစ်တယ်။ ဒီလို စမ်းသပ်တဲ့အခါ ခန္ဓာကိုယ်ကို လုံးဝစွန့်လွှတ်ပြီး လျှုဒါန်းလိုက်တော့ သူတော်စင် အတော်အံ့အားသင့်သွားရပါတယ်။

ဒါကြောင့် ယုန်ကို "ကျုပ်အပေါ် အခုလောက် စေတနာထားသူကို ကျုပ် ဘယ်လိုသတ်ရက်နိုင်ပါ့မလဲ။ သင့်ရဲ့ပေးကမ်းစွန့်ကြဲမှုဟာ သင့်ကို အားလုံးသော သက်ရှိသတ္တဝါအားလုံးထက် ပိုကဲ မြင့်မားသွားစေခဲ့ပါပြီ" လို့ ပြန်လည်ပြောပြလိုက်တယ်။

ဒီတော့ ယုန်က ပြန်ပြောတယ်။

"အရှင်ဟာ ကျွန်ုပ်ရဲ့ ဧည့်သည်ဖြစ်ပါတယ်။ ဒီတော့ အရှင်လိုအပ်လာချိန်မှာ ကျွန်ုပ်မှာရှိတာမှန်သမျှ ပေးလှူရမှာပဲ။ အရှင် အလိုအပ်ဆုံးကို ပေးလှူရမှာပဲ"

ယုန့်စကားဆုံးသွားတော့ နတ်ဘုရားများရဲ့ဘုရင်က တဲရှေ့မှာ မီးပုံတစ်ပုံမွှေးလိုက်တယ်။ မီးပုံထဲက မီးသွေးတွေ နီရဲလာ

mgyoe.com

 mgyoe.com 

ပေမယ့် မီးခိုးမထွက်ဘူး။

မီးပုံကို မြင်လိုက်ရတော့ ယုန်က "အို ... ဘာသာရေးကို ကိုင်းရှိုင်းလှတဲ့ အရှင်။ ကျွန်ုပ်ရဲ့အလှူလုံးဝပြည့်စုံသွားဖို့ ဘာလိုနေသေးသလဲဆိုတာ သိပါပြီ။ ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ကို လက်ခံပါတော့။ လှူဖွယ်ဝတ္ထုကို မငြင်းပယ်ပါနဲ့တော့။ ငြင်းပယ်လိုက်ရင် ပေးလှူသူရမယ့် ကောင်းကျိုးတွေကို ပေးလှူသူခံစားရတော့မှာ မဟုတ်ပါဘူး" လို့ ပြောပြီး ရတနာပစ္စည်းတစ်ခုကို ရုတ်တရက် တွေ့လိုက်လို့ လိုချင်ဇောနဲ့ ခုန်ယူလိုက်သလို ယုန်ဟာ မီးပုံထဲ ခုန်ဆင်းလိုက်ပါတော့တယ်။

နတ်ဘုရားများရဲ့ ဘုရင်သိပ်ကို စိတ်လှုပ်ရှားသွားရပါတယ်။ ဒါကြောင့် အသွင်ဆောင်ထားတာကို လွှတ်ချလိုက်ပြီး ယုန်ကို "ကျွန်ုပ်နဲ့လိုက်ခဲ့ပါ" လို့ ပြောလိုက်တယ်။

နောက်တော့ နတ်များရဲ့ဘုရင်က ဘာသာတရားကိုင်းရှိုင်းလွန်းလှတဲ့ တိရစ္ဆာန်လေးရဲ့ ခန္ဓာကိုယ်ကို မယူပြီး နတ်ဘုရားတွေနေရာအရောက် ခေါ်သွားပါတော့တယ်။

"အို ... အမြင့်စံ အသင်တို့ ဧည့်သည်ရဲ့ လိုအင်ဆန္ဒ ဖြည့်စွက်ဖို့ သူ့ခန္ဓာကိုယ်ကို ပေးလှူလိုက်တဲ့ ဟောဒီ သူ့ခန္ဓာကိုယ်လေးကို ကြည့်လိုက်ကြစမ်းပါ။ ဒါဟာ အမှန်တကယ်ပြီး ပြည့်စုံနေတဲ့ အလှူဆိုင်ရာ နမူနာအစစ်ပဲဖြစ်တယ်။ အကျင့်သီလ၊ သိက္ခာမြဲမြံမှုနဲ့ အသိပညာမရှိသူများကတော့ သူ့တို့ ပိုင်ဆိုင်မှုရဲ့ နှမ်းတစ်ဆုပ်စာလောက်ကိုပင်လျှင် မစွန့်လွှတ်လိုကြပါဘူး။ ဟောဒါကတော့ အားလုံးကို ပေးလိုက်သူပါ။ သူ့ ခန္ဓာကိုယ်နဲ့ အသက်ကို ပေးလှူလိုက်သူပါ။ ဘယ်လိုလူသားမှ ဒီထက်ပိုကြီးမား

mgyoe.com

mgyoe.com


တဲ့ စွန့်လွှတ်မှုမျိုး မလုပ်ခဲ့ကြဖူးပါဘူး။

ယုန်လေးရဲ့အထွတ်အထိပ် စွန့်လွှတ်မှုမျိုးကို လူသားအားလုံးစိတ်ထဲမှာ စွဲထင်နေစေဖို့ နတ်ဘုရားများရဲ့ဘုရင်က လဝန်းကြီးထဲမှာ ပေါ်လွင်နေအောင် ရောင်ပြန်ရုပ်တစ်ခုကို ဖန်တီးပေးလိုက်တယ်။ ဒီရောင်ပြန် ယုန်ရုပ်ဟာ လင်းလက်တောက်ပစွာနဲ့ ကောင်းကင်ဘုံကို ဖြတ်ရွေ့ရှားနေပါတယ်။

The Hare In The Moon

❐

mgyoe.com

mgyoe.com

# ငှက်တောင် သုံးတောင်

ဘုရင်ကြီးတစ်ပါးမှာ သားတော်သုံးယောက်ရှိတယ်။ အကြီးသားနှစ်ယောက်က ဝင့်ဝါတယ်။ အရေးပါအရာရောက်ချင်စိတ်ရှိကြတယ်။ အငယ်ဆုံးလေးကတော့ အေးတယ်။ နှိမ်ချတတ်တယ်။ သူလေးကတော့ "ဒမ်ဘလင်" ပဲ။

ဘုရင်ကြီးသက်တော်ကြီးလာတော့ အားကုန်လူနွမ်းဖြစ်လာတယ်။ စိတ်သွားရာ ကိုယ်မပါနိုင်တော့ဘူးပေါ့။ ဒါကြောင့် မကြာခင် သူသေရတော့မယ်လို့ ထင်မိလိုက်တယ်။ သေပြီးနောက်ပိုင်း သားသုံးယောက်ထဲက ဘယ်သားဘုရင်ဖြစ်ရမလဲဆိုတဲ့မေးခွန်းက အလိုလိုပေါ်လာတော့တာပဲ။ ဒီမေးခွန်းပေါ်လာတာနဲ့ သူ့သားသုံးယောက်ကိုခေါ်ပြီး "ကဲ ... မင်းတို့ ကမ္ဘာထဲထွက် ခရီးသွားကြ။ အနူးညံ့ဆုံးနဲ့ အလှဆုံးကော်ဇောရှာယူလာနိုင်သူဟာ ငါသေဆုံးပြီးနောက် ဘုရင်ဖြစ်မယ့်လူပဲ" လို့ ပြောပြလိုက်တယ်။ ဘုရင်က ဒီလိုပြောပြီး သားသုံးယောက်အပေါ် ဘက်

mgyoe.com

mgyoe.com

မလိုက်ကြောင်း လက်တွေ့ပြချင်သေးလို့ သားသုံးယောက်ကို နန်းတော်ရှေ့ခေါ်လာပြီး ငှက်တောင်သုံးတောင်ကို လေထဲမှုတ် တင် လိုက်တယ်။

"ကဲ .. ငှက်တောင် လွင့်ရာဘက် မင်းတို့ လိုက်လေရော့"

ငှက်တောင်တစ်တောင်က အရှေ့ဘက်လွင့်၊ နောက်တစ် တောင်က အနောက်ဘက်လွင့် နောက်ဆုံးငှက်တောင်ကတော့ မြေပြင်ပေါ်ပြန်ကျလာတယ်။ ဒါကြောင့် ညီအစ်ကိုသုံးယောက်ထဲ က တစ်ယောက်က ညာဘက်လမ်းကိုလိုက်၊ နောက်တစ်ယောက် က ဘယ်ဘက်လမ်းကို လိုက်၊ အဲ .. အငယ်ဆုံးလေးကတော့ ငှက်တောင်ပြန်ကျရာမှာပဲ နေရစ်ခဲ့ရမှာဖြစ်လို့ အစ်ကိုနှစ်ယောက် က လှောင်ရယ် ရယ်ကြတာပေါ့။

"ဒမ်ဘလင်" စိတ်ပျက်လက်ပျက် ထိုင်ချလိုက်တယ်။ ဒါပေမဲ့ ... မကြာခင်မှာပဲ မြေကြီးအောက်ဆင်းဖို့ အဖုံးတံခါး တစ်ခုကို ငှက်တောင်နားမှာ အမှတ်မထင်မြင်လိုက်ရတယ်။ ဒါနဲ့ သူအဖုံးကို ဆွဲလှန်လိုက်တယ်။ ဆင်းတဲ့လှေကားထစ်တွေ တွေ့ လိုက်တယ်။ ဒီတော့ သူ အဲဒီလှေကားထစ်တွေကနေ ဆင်းသွား တာပေါ့။ မကြာခင် နောက်ထပ်တံခါးတစ်ခု တွေ့တယ်။ သူ တံခါးကို ခေါက်တယ်။ တံခါးပွင့်သွားတော့ အထဲဝင်။ ဟား ... ဖားမကြီးတစ်ကောင်ပါလား။ သူ့ကို တခြားဖားမတွေက ဝိုင်း ရံထားကြတယ်။ အကြီးဆုံးဖားမက ဒမ်ဘလင်ကို ဘာလိုချင်လို့ လဲလို့ မေးလိုက်တယ်။

"ကျွန်တော် အနုစ်ညံ့ဆုံးနဲ့ အလှပဆုံးကော်ဇောတစ်ချပ် ကို ရှာနေတာပါဗျာ"

mgyoe.com

mgyoe.com


ဒီတော့ ဖားမကြီးက ဖားမတစ်ကောင်ကိုခေါ်ပြီး "ဟို... သေတ္တာကြီးသွားယူခဲ့စမ်း" လို့ ခိုင်းလိုက်တယ်။ ဖားမ ချက်ချင်း သွားယူလာခဲ့တယ်။ ဖားမကြီးရှေ့ရောက်လာတော့ ဖားမကြီး ကိုယ်တိုင် သေတ္တာကိုဖွင့်ပြီး ကော်ဇောတစ်ချပ်ကို ထုတ်ယူလိုက် တယ်။ ဒီကော်ဇောကိုပဲ ဒမ်ဘာလင်ကို လှမ်းပေးရင်း ဒီကော်ဇော ဟာ အလှဆုံးပဲလို့ ပြောပြလိုက်တယ်။ ဒမ်ဘာလင်က ဖားမကြီး ကို ကျေးဇူးတင်စကားပြောပြီး လှေကားကနေ ပြန်တက်လာခဲ့ တယ်။

သူပြန်တက်လာချိန်မှာ ဟိုအစ်ကိုနှစ်ယောက်က ဒမ်ဘာ လင်က အရှုးကောင်မို့ ဘာမှ ယူလာနိုင်မယ် မထင်ကြဘူးလေ။ ဒါနဲ့ သူတို့ အချင်းချင်းတိုင်ပင်ကြတယ်။ ကိစ္စကတော့ တွေ့တဲ့ ကော်ဇောကိုပဲ ယူသွားကြဖို့ပေါ့။ ဒီလို ပြောပြီး အိမ်တစ်အိမ်ထဲ တိတ်တခိုးဝင်ပြီး တွေ့တဲ့ကော်ဇော နှစ်ချပ်ကို ယူလာခဲ့ကြတယ်။ နန်းတော်ပြန်ရောက်တော့ ဘုရင်ကြီးကို ကော်ဇောနှစ်ချပ် ဆက် သ၊ ဒီအချိန်မှာပဲ ဒမ်ဘာလင် ရောက်လာတယ်။ ဒမ်ဘာလင်ယူ လာတဲ့ ကော်ဇောကို ဘုရင်ကြီးမြင်လိုက်တော့ သိပ်အံ့သြပြီး "လှလိုက်တဲ့ကော်ဇောပဲ၊ သေချာပြီ ...၊ အငယ်ဆုံးသားဟာ ငါ့ကို ဆက်ခံမယ့်ဘုရင်ဖြစ်ထိုက်တယ်" လို့ ပြောပြလိုက်တယ်။

ဒါပေမဲ့ အစ်ကိုနှစ်ယောက်ကတော့ ဘုရင်ကြီးစိတ် ချမ်းသာအောင် မလုပ်ကြဘူး။

"အို ... ဒပ်ဘာလင်က တိုင်းပြည်ကို အုပ်ချုပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ သူ့မှာ ဘာအသိဉာဏ်မှ မရှိဘူး"

ဒီတော့လည်း ဘုရင်ကြီးက တစ်နည်းကြံရပြန်တာပေါ့။

mgyoe.com

mgyoe.com

"ကောင်းပြီ၊ အကောင်းဆုံးလက်စွပ်တစ်ကွင်း ယူလာနိုင်သူဟာ ငါ ကွယ်လွန်ပြီးနောက် ဘုရင်ဖြစ်ရမယ်" လို့ မိန့်မှာလိုက်ရပြန်တယ်။ အရင်တုန်းကအတိုင်းပဲပေါ့၊ ငှက်တောင်သုံးတောင်ကို လေထဲ မှုတ်ထုတ်လိုက်တယ်။ ငှက်တောင်သွားရာနောက် သားသုံးယောက် လိုက်ကြပေါ့။ ဒီတော့ အစ်ကိုနှစ်ယောက်က အရှေ့နဲ့အနောက်ကို လိုက်ကြတယ်။ ဒမ်ဘလင့်ငှက်တောင်ကတော့ ဟိုး … မြေကြီးပေါ်က တံခါးကြီးနားအထိ လွင့်ပါးသွားတယ်။ ဒီတော့ ဒမ်ဘလင်က အဖုံးတံခါးကို မ,ဖွင့်ပြီး မြေအောက်ဆင်း သွားရပြန်တာပေါ့။ အဲ … နောက်ဆုံး ဖားမကြီးနဲ့တွေ့တော့ ကမ္ဘာမှာ အလှပဆုံးလက်စွပ်တစ်ကွင်းကို လိုချင်ပါတယ်လို့ ပြောပြလိုက်တယ်။ ဒီတော့ ဖားမကြီးက ရတနာသေတ္တာကို သွားယူခိုင်းတယ်။ အဲဒီသေတ္တာထဲက တလက်လက်ဝင်းပနေတဲ့ လက်စွပ်တစ်ကွင်းကို ထုတ်ယူလိုက်ပြီး ဒမ်ဘလင်ကို ပေးလိုက်တယ်။

အဲ … ဟိုအစ်ကိုနှစ်ယောက်ကတော့ ဒုက္ခမရှာဘူး။ သံတစ်ချောင်းကို လက်စွပ်ပုံသွင်းပြီး ဘုရင့်ဆီယူသွားကြတာပဲ။ ဒါပေမဲ့ … ဒမ်ဘလင်ယူလာတဲ့ လက်စွပ်နဲ့ ယှဉ်လိုက်တော့ မီးသွေးခဲနဲ့ ပတ္တမြားခဲလောက် ကွာခြားနေတယ်လေ။ ဒါကြောင့် ဘုရင်ကြီးက … "တိုင်းပြည်ကို ဒမ်ဘလင် ပိုင်သွားပြီ" လို့ ဟစ်ကြွေးလိုက်တယ်။ ဒါပေမဲ့ … အစ်ကိုနှစ်ယောက်က မကျေနပ်ဘူး၊ လက်မခံဘူး။ ဒါကြောင့် ဘုရင်ကြီးက တတိယအကြိမ် စမ်းသပ်ရပြန်တယ်။ ဒီတစ်ကြိမ်တော့ ဘုရင်ကြီးက ကမ္ဘာပေါ်မှာ အလှပဆုံး မိန်းကလေးကို ယူလာနိုင်သူ ဘုရင်ပဲလို့ အမိန့်တော်မှတ်လိုက်လေရဲ့။ ပြောပြီး ငှက်တောင်သုံးတောင်ကို လေထဲ
mgyoe.com

mgyoe.com


မှုတ်လိုက်တယ်။ ဟိုတုန်းကလိုပါပဲ၊ ငှက်တောင်တစ်ခုက အရှေ့၊ တစ်ခုက အနောက်၊ ကျန်တစ်ခုကတော့ ရှေ့ဆက်လွင့်ပါသွားတာပေါ့။

ဒါကြောင့် ဒီတစ်ကြိမ်မှာလည်း ဒမ်ဘာလင်ဟာ မြေပေါ်က အဖုံးတံခါးကို ဆွဲဖွင့်၊ လှေကားအတိုင်း ဆင်းသွားပြီး ဖားမကြီးနဲ့ တွေ့ရပြန်တယ်။ "ဒီတစ်ခါတော့ အလှဆုံး အချောဆုံးမိန်းကလေးတစ်ယောက်ကို ခေါ်သွားချင်ပါတယ်" လို့ ပြောလိုက်တယ်။

"အား ... အလှဆုံး၊ အချောဆုံး မိန်းကလေးတစ်ယောက်လား။ အင်း ... သိပ်တော့မလွယ်လှဘူး။ ဒါပေမဲ့ ... ရရပါစေမယ်"

ဒီလိုပြောပြီး ဖားမကြီးက ဒမ်ဘာလင်ကို ပုရွက်ဆိတ်ခြောက်ကောင်ပါတဲ့ ခွက်ကလေးတစ်ခွက်ပေးလိုက်တယ်။ ဒီတော့ ဒမ်ဘာလင်က စိတ်မကောင်းပုံမျိုးနဲ့ ဒါကို ကျွန်တော်က ဘာလုပ်ရမှာလဲလို့ မေးလိုက်တော့ ဖားမကြီးက ခွက်ထဲကို သူရဲ့ အရွယ်အသေးဆုံး အစေခံကို ထည့်လိုက်ဖို့ ပြောပြတယ်။ ဒါနဲ့ ဒမ်ဘာလင်က ဖားမငယ်လေးတစ်ကောင်ကို ဖမ်းပြီး ခွက်ကလေးထဲ ထည့်လိုက်တာပေါ့။ အဲ ... ခွက်ကလေးထဲကို ဖားကလေးလည်းရောက်သွားရော၊ မိန်းမချောလေးဘဝပြောင်းသွားတော့တာပဲလေ။ ရေခွက်နဲ့ ပုရွက်ဆိတ်ခြောက်ကောင်ဟာလည်း သိပ်ကိုလှပခန့်ညားတဲ့ မြင်းရထားကြီးနဲ့ မြင်းခြောက်ကောင်ဖြစ်သွားလေရဲ့။

ဒီတော့ ဒမ်ဘာလင်က သူမနဲ့အတူ မြင်းရထားကြီးကို

mgyoe.com

mgyoe.com


နန်းတော်အရောက် မောင်းခဲ့တာပေါ့။ သူ့နောက်မှ သူ့အစ်ကို တွေ ရောက်လာကြတယ်လေ။ မိန်းမလှရှာရတဲ့ ဒုက္ခကို မခံချင်ကြတော့ သူတို့တွေ့တဲ့ တောသူမလေးတွေကိုပဲ ခေါ်လာခဲ့ကြတယ်။ ဘုရင်ကြီးက သားတွေခေါ်လာတဲ့ မိန်းကလေးတွေကို ကြည့်ပြီး … "ငါ ကွယ်လွန်ပြီးတဲ့နောက်မှာ ငါ့သားငယ်က ငါ့တိုင်းပြည်ကို ပိုင်ဆိုင်သွားပြီ" လို့ လူသိရှင်ကြားပြောလိုက်တယ်။

ဒါပေမဲ့ … ဟို ညီအစ်ကိုကတော့ ဘုရင်ကြီးနားမခံသာအောင် အော်ဟစ်ကြသေးတယ်လေ … "ဒမ်ဘလင်ဘုရင်ဖြစ်မှာကို မလိုလားဘူး" တဲ့။ အဲဒီလို အော်ဟစ်ပြီး နန်းတော်ထဲမှာ ချိတ်ဆွဲထားတဲ့ ကွင်းကြီးထဲ မိန်းကလေးသုံးယောက်ကို ဒိုင်ဗင်ထိုးခိုင်းတယ်။ ဘယ်မိန်းကလေးဟာ အကောင်းဆုံး ဒိုင်ဗင်ထိုးပြီး ကွင်းကြီးကို ဖြတ်ကျော်နိုင်မလဲသိဖို့ ရည်ရွယ်တာပေါ့။ သူတို့ကတော့ သူတို့ခေါ်လာတဲ့ တောသူလေးတွေဟာ သန်မာတောင့်တင်းကြတယ်။ ဟို နုဖတ်ဖတ်မိန်းကလေးကတော့ ဒိုင်ဗင်ထိုးပြီး ကွင်းကြီးကို ဖြတ်ရင်းသေမှာပဲလို့ တထစ်ချ ယုံကြည်ထားကြပေသကိုး။

အင်း … ဘုရင်ကြီးက ဒီကိစ္စကိုလည်း လိုက်လျောပေးပါတယ်။ လိုက်လျောလိုက်တာနဲ့ တောသူလေးနှစ်ယောက်က တစ်ယောက်ပြီးတစ်ယောက် ကွင်းကြီးထဲ ဒိုင်ဗင်ထိုးဝင် ကြတယ်။ သူတို့နှစ်ယောက်စလုံး ကွင်းထဲဝင်နိုင်ကြပေမယ့်။ သူတို့ ခန္ဓာကိုယ်တွေက သိပ်ကို ထွားကျိုင်းလွန်းတော့ ကွင်းကို ကျော်ပြီး ပြန်အကျမှာ လက်တွေ၊ ခြေတွေ ကျိုးကုန်တာပေါ့။ နောက်ဆုံး ဒမ်ဘလင် ခေါ်လာခဲ့တဲ့ မိန်းကလေးကတော့ ပေါ့ပေါ့ပါးပါးလေး ဒိုင်ဗင်

mgyoe.com

mgyoe.com


ထိုးပြီး ကွင်းကိုဖြတ်လိုက်တယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ ဘုရင် ဘယ်သူဖြစ်သင့်တယ်ဆိုတဲ့ စကားသံတွေ လုံးဝမကြားရတော့ဘူး။ ဒါကြောင့် ဒမ်ဘလင်က မိန်းမလှလေးနဲ့လက်ထပ်ပြီး တိုင်းပြည်ကို ပျော်ပျော်ရွှင်ရွှင် အမြော်အမြင်ကြီးကြီးနဲ့ နှစ်ပေါင်းများစွာ အုပ်ချုပ်သွားပါတော့သတဲ့။

The Three Feathers
From the Golden Goose and Other Stories

❑

mgyoe.com

mgyoe.com

# တိရစ္ဆာန်လေးတွေ ရေတွင်းတူးကြပြီ

ဟိုး ... ရှေးတစ်ချိန်မှာ မြစ်ချောင်းတွေအားလုံး ရေခန်းသွားကြတယ်။ ဒီတော့ တိရစ္ဆာန်လေးတွေ ရေပြဿနာနဲ့ ကြုံရကြပြီပေါ့။ သောက်ရေရှားရပြီပေါ့။ အဲ ... ကံအားလျော်စွာပဲ။ သူတို့ စမ်းချောင်းလေးတစ်ချောင်းကို တွေ့ကြတယ်။ ဒီတော့ အားလုံးက ဒီစမ်းချောင်းလေးဘေးမှာ ငါတို့ ရေတွင်းတူးကြမယ်လို့ ပြောကြတယ်။ သူတို့ အထင်က စမ်းချောင်းထဲက ရေတွေ ရေတွင်းထဲ စီးဝင်မယ်ပေါ့။ ဒီလိုဆိုရင် တွင်းရေသောက်နိုင်ပြီပေါ့။

ကဲ ... ခု ရေတွင်းစတူးကြပြီ ... ဒါပေမဲ့ ... ခွေးအ မပါဘူး။ သူ မတူးဘူး။ သူက အလုပ်မလုပ်ချင်တဲ့ အကောင်။ အင်း .... သူက ပြောလိုက်သေးတယ်။ "ရေတွင်းတူးလည်း ဘာ အသုံးကျမှာလဲ။ ကျုပ်ကတော့ အသုံးကျမယ်မထင်ဘူး။ ကျုပ်က ရေလည်းငတ်တဲ့ကောင်မဟုတ်ဘူး" တဲ့လေ။

mgyoe.com

mgyoe.com


သူ ဘာပြောပြော တခြားတိရစ္ဆာန်တွေကတော့ ရေတွင်း စတူးကြတယ်။ ဒီတော့လည်း စမ်းချောင်းထဲက ရေတွေ ရေတွင်း ထဲ စိမ့်ဝင်တာပေါ့။ ဒါကြောင့်လည်း ခုတော့ ရေတွင်းထဲမှာ ရေတွေ ပြည့်နေပြီလေ။

* * *

ဟော ... ရေတွင်းတူးပြီးတာနဲ့ ခွေးအရောက်လာတာပဲ လေ။ ဒါပေမဲ့ ... ကျန်တိရစ္ဆာန်တွေက .. "မင်းရေတွင်းမတူးဘူး၊ ဒါကြောင့် မင်းရေမသောက်ရဘူး" လို့ တားတယ်။ ပြောပြော ဆိုဆိုပဲ သူတို့က ခွေးအကို နှင်ထုတ်လိုက်ကြတယ်။ တစ်ချိန်တည်း မှာ ယုန်ကြီးကို ရေတွင်းစောင့်တာဝန်ပေးလိုက်ကြတယ်။

* * *

တာဝန်ယူရတဲ့ ယုန်ကြီးရေတွင်းဘေးမှာ ထိုင်ချလိုက် တယ်။ မကြာလိုက်ဘူး။ ခွေးအရောက်လာတာပဲ။ ခွေးအက အိတ်ကလေးတစ်လုံး လွယ်လာခဲ့တာ။ အဲ ... သူက "ကောင်း သောန်နက်ခင်းပါ" လို့ နှုတ်ဆက်လိုက်တယ်။ ပြီးမှ "နေထိုင် ကောင်းရဲ့လား" လို့ ဆက်မေးတယ်။

"နေကောင်းပါတယ်။ ဘာလိုချင်လို့လဲ"

"ကျွန်တော် ရေမသောက်ချင်ပါဘူး။ ကျွန်တော့်အိတ်ထဲ မှာ ပျားအုံတစ်အုံပါလာတယ်။ သိပ်ကောင်းတာဗျ။ နည်းနည်း မြည်းကြည့်ပါလား" ပြောပြောဆိုဆိုပဲ သူက အိတ်ထဲက ပျားအုံ ကို ယူပြီး နည်းနည်းဖဲ့လာလိုက်တယ်။

mgyoe.com

mgyoe.com


ယုန်ကြီးက စားကြည့်တယ်။ ကြိုက်သွားပုံပဲ။ ထပ်တောင်းတယ်လေ။ ဒီတော့ ခွေးအက –

“စားချင်သေးရင် ပက်လက်လှန်အိပ်လိုက်။ ခင်ဗျားလက်တွေကို ကြိုးနဲ့ချည်ထားမယ်။ ပြီးမှ ခင်ဗျားပါးစပ်ထဲ ပျားရည်ညှစ်ချပေးမယ်”

ယုန်ကြီးဟာ ပျားရည်စားချင်ဇောနဲ့ ခွေးအပြောတဲ့အတိုင်း လုပ်တယ်။ လုပ်တော့ ခွေးအကရေတွင်းနားပြေးသွားပြီး ရေတွေတဝတပြသောက်တော့တာပေါ့။ ဒီတော့မှ ယုန်ကြီးကလှမ်းအော်တယ်လေ။ “ဟေ့ … ဟေ့ … မသောက်နဲ့၊ မသောက်နဲ့။ မင်း ဒီရေတွင်းက ရေကို သောက်ပိုင်ခွင့်မရှိဘူး”

“ခင်ဗျားက ကျုပ် ရေမသောက်နိုင်အောင် ဘယ်လိုတားမှာလဲ”

တုပ်နှောင်ခံထားရတဲ့ ယုန်ကြီး ဘာမှပြန်မပြောနိုင် ဘူး။ ဘာမှလည်း ပြန်မလုပ်နိုင်ဘူး။ ဒီတော့ ခွေးအ သောက်ချင်သလောက် သောက်တော့တာပေါ့။ သောက်လို့ဝမှ ဟားတိုက်ရယ်ပြီး သူ့အိမ်ပြန်သွားလေရဲ့။

* * *

မကြာခင် တခြားတိရစ္ဆာန်တွေ ရောက်လာကြတယ်။ ယုန်ကြီးအဖြစ်ကို မြင်လိုက်ကြရတော့ ဝိုင်းမေးကြတာပေါ့။

“ယုန်ကြီး၊ ဘယ်သူက ကြိုးနဲ့တုပ်သွားတာလဲ”

“ဟိုအကောင် ခွေးအပေါ့။ သူက ငါ့ကို ပျားအုံ နည်းနည်းပေးမယ်လို့ပြောတယ်။ ပက်လက်လှန်အိပ်ပါတဲ့။ လက်တွေကို

mgyoe.com

mgyoe.com


ကြိုးနဲ့တုပ်ထားရမယ်တဲ့။ အေး ... ကြိုးတုပ်ပြီးတာနဲ့ ရေတွင်းက ရေကို သောက်တော့တာပဲကွ။ သောက်လို့ဝတော့ ထွက်ပြေးသွားတယ်လေ"

"ဟာ ... ခင်ဗျားအတော်မိုက်မဲတာပဲ။ ကောင်းပြီ ခင်ဗျား မစောင့်နဲ့တော့။ ကဲ ... ဘယ်သူစောင့်မလဲ"

ဒီတော့ ယုန်လေးက ... "ကျွန်တော်စောင့်မယ်" တဲ့။

"အေး ... မင်းကိုလည်း ငါတို့ စောင့်ကြည့်ရဦးမယ်" လို့ သတိပေးပြီး တိရစ္ဆာန်တွေ ပြန်ထွက်သွားကြတယ်။

အစောင့်ယုန်လေးပဲ ကျန်ခဲ့တာပေါ့။

* * *

အဲ ... မကြာဘူး၊ သောက်နေကြ ခွေးအ လာပြန်တာပဲ။ ခါတိုင်းလို အိတ်ကလေးလွယ်လို့ပေါ့။

"ဟော့ ... ယုန်လေး၊ ကောင်းသော နံနက်ခင်းပါကွာ။ နေထိုင်ကောင်းရဲ့လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်။ ခင်ဗျား ဒီရေတွင်းက ရေကို မသောက်ရဘူးနော်"

"ဟာ ... မသောက်ပါဘူးကွာ။ ရေလည်းမငတ်ပါဘူး"

ခွေးအက ပြောပြောဆိုဆိုပဲ ထိုင်ချလိုက်ပြီး အိတ် ကလေးကို ဖွင့်တယ်။ နောက်ယို နည်းနည်းထုတ်ပြီး စားလိုက်တယ်။ စားရင်းမှာပဲ "ဟော့ ... ယုန်လေး၊ သိပ်ကောင်းတယ်ကွ" လို့ စကားစလိုက်တယ်။ ဒီတော့ ယုန်လေးက ...

"အဲဒါ ဘာလဲဗျ"

mgyoe.com

mgyoe.com

"ဟ … သိပ်ချိုတဲ့ ဟာပေါ့ကွ။ ဒါကို စားရင် ရေမငတ်တော့ဘူး။ မင်းနည်းနည်းလောက် မြည်းစမ်းမကြည့်ချင်ဘူးလား"

"အေးဗျ၊ နည်းနည်းလောက်တော့ မြည်းကြည့်ချင်တယ်"

"ဒီလိုဆို ပက်လက်အိပ်လိုက်ကွာ၊ မင့်လက်တွေကို ငါကြိုးနဲ့တုပ်ထားမယ်။ ဒါမှမင်းပါးစပ်ထဲ ယို နည်းနည်း ထည့်ပေးနိုင်မယ်လေ"

ဒီတော့ ယုန်လေးက –

"ဟား … ဟား … ဒီလိုမရဘူးလေ။ ခင်ဗျား ယုန်ကြီးကိုလည်း ဒီအတိုင်းလုပ်ခဲ့တယ် မဟုတ်လား"

ဒီတော့ ခွေးအက "ဟ ဟိုယုန်ကြီးက ကြိုးမဖြေတတ်ဘူးလေ။ မင်းကတော့ ဖြေတတ်ပါတယ်။ ငါ သိပါတယ်ကွာ။ ငါက ဒီယိုဘယ်လောက်ကောင်းတယ်ဆိုတာ မင်းကိုယ်တွေ့ ဖြစ်အောင် လုပ်ခိုင်းတာပါ။ သိပ်ကောင်းတာကွ"

ဒီလိုပြောပြီး အမြည်းသဘောနဲ့ နည်းနည်းလေးပေးလိုက်တယ်။ ယုန်လေးစားကြည့်တယ်။ ကြိုက်သွားပုံရတော့ ခွေးအက "များများစားရလေ ကောင်းလေပဲကွ" လို့ မက်လုံးပေးလိုက်ပြန်တယ်။

"ဟုတ်လား၊ ဒီလိုဆိုလည်း ကျွန်တော့်လက်တွေကို ကြိုးနဲ့ချည်လိုက်တော့ဗျာ။ ဖြေလို့လွယ်အောင်လည်း ချည်နော်"

"အေးပါကွာ…"

ယုန်လေးပက်လက်လှဲချလိုက်တာနဲ့ ခွေးအက ယုန်လေးလက်တွေကို ကြိုးနဲ့တုပ်လိုက်တယ်။ ပြီးတာနဲ့ ခွေးအ ရေတွင်း
mgyoe.com

mgyoe.com


ဆီပြေး၊ တဝတပြ သောက်တော့တာပဲ"

"ဟော့ ... ဟော့ ... ခင်ဗျား ရေမသောက်ရဘူး။ ရေတွင်းတူးတုန်းက ခင်ဗျားလုံးဝ မကူညီခဲ့ဘူး"

ဒီတော့ ခွေးအက ပြန်အော်တယ်။

"ငါ့ကို ဘယ်သူတားသလဲ"

ယုန်လေး နှုတ်ပိတ်သွားလေရဲ့။ ဒီတော့ ရေတဝသောက်ပြီး ခွေးအပြန်ထွက်သွားရော။ ယုန်လေးလက်တွေ အတုပ်ခံရက်ကျန်ရစ်ခဲ့တော့တာပေါ့။

* * *

ချည်ထားတုပ်ထားတာတွေကို ယုန်လေးကြိုးစားဖြည်တယ်။ မပြေဘူး။ ဒီအချိန်မှာ တခြားတိရစ္ဆာန်တွေ ရေလာသောက်ကြတယ်။ အတုပ်အနှောင်ခံထားရတဲ့ ယုန်လေးကို မြင်တော့ "မင်းကွာ ... ခွေးအရဲ့အလှည့်စားခံရလောက်အောင်ကို မိုက်မဲတာပဲ။ ကဲ ... ခု ဘယ်သူစောင့်ကြမလဲ"

"လိပ်စောင့်ပါစေ"

ဒါကြောင့် လိပ်ကို အစောင့်ချလိုက်ကြတယ်။

ဟော ... ခွေးအ ရောက်လာပါပြီ –

"ဟဲလို လိပ်ကြီး၊ ကောင်းသော နံနက်ခင်းပါ"

လိပ် ဘာမှပြန်မပြောဘူး။

"လိပ်ကြီး ကောင်းသော နံနက်ခင်းပါ။ နေထိုင်ကောင်းပါရဲ့လား"

လိပ်ဘာမှပြန်မပြောဘူး။ ဒီတော့ ခွေးအက "ငမိုက်သား

mgyoe.com

mgyoe.com


လိပ်ပဲ"စကားလည်း မပြောတတ်ဘူးလို့ မှတ်ချက်ချလိုက်တယ်။ မှတ်ချက်ချပြီးတာနဲ့ ရေသောက်နိုင်အောင် လိပ်ကို ကန်ပစ်လိုက်တယ်လေ။ ဒါပေမဲ့ လိပ်က ခွေးအခြေထောက်ကို အရအမိဖမ်းဆွဲလိုက်တယ်။

"လွှတ် … လွှတ် …၊ ကျုပ်ခြေထောက်တွေ ကျိုးတော့မယ်" ဒါပေမဲ့ လိပ်က မလျှော့တမ်း ဆွဲထားတာပဲ။ ဒီတော့ ခွေးအက သူ့အိတ်ကို လိပ်ရဲ့နှာခေါင်းအောက် ထိုးထည့်လိုက်တယ်လေ။ အနံ့ရသွားအောင်ပေါ့။ အိတ်ထဲမှာ ကိတ်မုန့်အချို့ပါလာတာကိုး။ ဒါပေမယ့် လိပ်က လုံးဝ အနံ့မခံဘူး။ ခွေးအခြေထောက်တွေကို ဆွဲမြဲဆွဲထားတာပဲ။

"လွှတ်ပါဗျာ …၊ လွှတ်ပေးရင် ကျွန်တော့်အိတ်ထဲမှာ ပါလာတဲ့ ကိတ်မုန့်တွေ အားလုံး ခင်ဗျားကို ပေးပါ့မယ်"

လိပ်က မလွှတ်ဘူး။

နောက်ဆုံး တခြားတိရစ္ဆာန်တွေ ရောက်လာတော့ ဖြစ်နေပုံတွေကို မြင်လိုက်ရတာပေါ့။ မြင်တာနဲ့ ခွေးအကို ဝိုင်းရိုက်ကြတာပဲ။ ရိုက်လို့အားရမှ မောင်းထုတ်လိုက်ကြတယ်။

သူတို့ နောက်ပိုင်းမှာ ခွေးအကို မတွေ့ကြတော့ဘူး။ ခွေးအကလည်း ရေသောက်ဖို့ ရေတွင်းဆီ ဘယ်တော့မှ ပြန်မလာတော့ဘူး။

The Jackal And The Spring

□

mgyoe.com

mgyoe.com

# ညီအစ်ကို ဆယ့်နှစ်ယောက်

ဟိုး ... ရှေးရှေးတုန်းက ဘုရင်နဲ့ဘုရင်မကြီးတို့ ပျော်ပျော်ရွှင်ရွှင် စံမြန်းခဲ့ကြတာ နှစ်တွေ အကြာကြီးပါပဲ။ ဒါပေမဲ့ သူတို့မှာ သားယောကျ်ားလေး ၁၂ ယောက် မွေးဖွားခဲ့ပေမဲ့ သမီးတော့တစ်ယောက်မှ မရခဲ့ဘူး။ တစ်နေ့ကျတော့ ဘုရင်က မိဖုရားကို – "တကယ်လို့ ဆယ့်သုံးယောက်မြောက် ကလေးဟာ မိန်းကလေးဖြစ်နေရင် သားတော်အားလုံးကို သတ်ပစ်လိုက်ရမယ်" လို့ အမိန့်တော်ရှိလိုက်ပါတယ်။ ဘုရင်က ဘာကြောင့် ခုလို ဆုံးဖြတ်လိုက်ရသလဲဆိုတော့ သူ့သမီးလေးကို သိပ်ချမ်းသာစေချင်လို့၊ သူ့တိုင်းပြည်တစ်ခုလုံးကို သူ့သမီးလေးကိုပဲ ပေးချင်လို့ဖြစ်တယ်။ ဘုရင်ဟာ ဒီအကြောင်း သူ့မိဖုရားကို ဖွင့်ပြောပြီးတာနဲ့ ခေါင်း ၁၂ လုံးလုပ်ခိုင်းလိုက်တော့တာပဲ။ ခေါင်းတွေ လုပ်ပြီးသွားတော့ နန်းတော်ထဲက အခန်းတစ်ခန်းထဲထည့်၊ သော့ခတ်ထားလိုက်ပါတော့တယ်။ အဲ ... သော့ကို မိဖုရားလက်

mgyoe.com

mgyoe.com

ထဲအပ်ပြီး ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောဖို့ အမိန့်ထုတ်လိုက်တာပဲ။

မိခင်မိဖုရား ဘာလုပ်နိုင်တော့မှာလဲ။ ဘုရင့်အမိန့်ကိုး။ သောကကို ရင်မှာ ပိုက်ပြီး ငိုရှိုက်ရုံကလွဲလို့ ဘာမှ မလုပ်နိုင်တော့ပါဘူး။ အငယ်ဆုံးသားတော် 'ဘန်ဂျမင်' လေးကလည်း အမေ့ကို သိပ်ချစ်လို့ အမေ့နားက မခွာဘူး။ ဒီတော့ သူ့မေမေ ကျိတ်ငိုငိုနေတာကို တစ်နေ့သိသွားတာပေါ့။ ဒါနဲ့ .. "မေမေ၊ ဘာဖြစ်လို့ ငိုနေရတာလဲ" လို့ မေးကြည့်လိုက်တယ်။

"မေမေဘာကြောင့် ငိုတယ်ဆိုတာကို မပြောရဲဘူး သားလေးရယ်"

ဒါပေမဲ့ သားငယ်လေးက မနားတမ်းမေးနေတာပဲ ဒါကြောင့် နောက်ဆုံးသော့ခတ်ထားတဲ့ အခန်းဆီခေါ်သွားပြီး ခေါင်း ၁၂ လုံးကို ပြလိုက်တယ်။

"သားလေး ဘန်ဂျမင်၊ မင့်ဖခင်ကြီးက ဒီခေါင်းတွေကို မင်းနဲ့ မင့်အစ်ကိုတွေ အတွက်လုပ်ထားတာပဲ။ ဒီတစ်ခါ မေမေက သမီးတော်လေး မွေးရင် သားလေးတို့ အားလုံးကို သတ်ပြီး ဒီအခေါင်းတွေထဲ ထည့်မြှုပ်တော့မှာလေ သားတော်လေးရယ်…"

မိဖုရားက ပြောပြရင်း ငို၊ ငိုရင်းပြောပြ၊ သားတော်လေးက နှစ်သိမ့်ရှာပါတယ်။

"မေမေ၊ မငိုပါနဲ့။ သားတို့ ဒီကနေ ထွက်ပြေးသွားကြမယ်။ သားတို့အားလုံး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နိုင်ကြပါတယ်"

ဒီတော့ မိခင်မိဖုရားကြီးက "သားတို့ တောထဲထွက်ပြေးကြပါ။ တောထဲရောက်တာနဲ့ အမြင့်ဆုံးသစ်ပင်ကိုရှာ၊ တွေ့ရင်
mgyoe.com